ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့၊ (25-6-2004) (၄၂၇၅)

ဗာဟုသစ္စဉ္စ တေံ မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခရိုအေးရှားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂၅

၂၀၀၄ ခုနှစ် ဇွန် ၂၅ရက်၌ကျရောက်သော ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ စတက်ချ်ပမ်၊ မက်စစ်ခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

စုံညီအစည်းအဝေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမ၌ ကျင်းပ

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော နိုင်ငံရေးပါတီများက စာတမ်းများဖတ်ကြားတင်ပြ

ရန်ကုန် ဇွန် ၂၄

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီများက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪**

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၂၅–၆–၂၀၀၄
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်စေရေး ပတ်ဝန်းကျင်သန့်ရှင်းရေး အလေးထားဆောင်ရွက်

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အလေးထားကြရမည့် လိုအပ်ချက်ဖြစ်သည်။ လူတိုင်း လူတိုင်း ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းများဖြင့် ပြည့်စုံနေရန် အထူးလိုအပ်သည်။ သို့မှသာ ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းတည်ဆောက်ရာတွင် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားအလိုက် ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်စေရေးကို ဦးတည်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်သူများ၏ ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။ ငှက်ဖျားရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ တီဘီရောဂါ၊ အနာကြီးရောဂါ စသည့် ရောဂါများနှင့် ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများကို ကာကွယ်နိုင်ရန် စီမံချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအချိန်သည် မိုးရာသီဖြစ်၍ ပုံမှန်ဖြစ်လေ့ဖြစ်ထရှိသည့် ကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရေးအတွက် သတိပြုဆင်ခြင် ကြိုတင်ကာကွယ်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့်ကာလဝမ်းရောဂါများအပါအဝင် ဝမ်းနှင့် ပတ်သက်သည့်ရောဂါများ၊ အသည်းရောင်အသားဝါရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါများ ဖြစ်ပွားတတ်ကြောင်းသိရသည်။

အဆိုပါရောဂါများသည် မိုးရာသီတွင် လှိုင်လှိုင်ပေါလာသည့် သရက်သီးနှင့် အခြားသောသီးနှံများ စားသုံးပြီး အခွံ၊ အစေ့များကို မဆင်မခြင်စွန့်ပစ်ကြသဖြင့် ယင်ကောင်များ ပေါက်ပွားပေါများလာခြင်း၊ ရာသီစာ အမှည့်လွန်အသီးများ စားသုံးခြင်းတို့ကို အရင်းခံ၍ ဖြစ်ပွားလာတတ်သည်။

ထို့အပြင် မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့် ရေအိုင်ရေဗွက်များ ဖြစ်ခြင်း၊ ရေမြောင်းများပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်များပေါက်ပွားခြင်းတို့ကြောင့်လည်း သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများ ပိုမိုဖြစ်ပွားလာနိုင်သည်။

ရာသီဥတု အပူ၊ အအေး အပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ကြရမည့် အသိပညာနှင့် အလေ့အကျင့်အားနည်းခြင်း တို့ကြောင့်လည်း ကူးစက်တတ်သော ရောဂါများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ထို့ကြောင့် အမှည့်လွန်သစ်သီးများစားသုံးခြင်း၊ ယင်နားစာများ မဆင်မခြင်စားသုံးခြင်း၊ စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများအား စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့မှ ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာဝန်ထမ်းများက ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတများ ဖြန့်ဝေပညာပေးခြင်း၊ အချိန်ရာသီအလိုက် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များထုတ်ပြန်ပေးခြင်းတို့ဖြင့် အသိပညာပေးလျက်ရှိရာ ပြည်သူများအပိုင်းကလည်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မိသားစုအတွင်း ကျန်းမာရေးအသိပညာ ဖြန့်ဝေရေးလုပ်ငန်းများကို တစိုက်မတ်မတ် လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအားလုံးကလည်း ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများကို အစဉ်အလေးထား ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇွန် ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့်ရာထူး၊ ဌာန**
(က) ဦးကြည်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုလယ်ယာဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ခ) ဒေါက်တာအောင်သန်း ဒုတိယပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန	ပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန

ညီလာခံ ကိုယ်စားလှယ်တို့၏ အားမာန်

* သွေးခွဲမှုများ၊ ဘေးဖယ်ထား
ဒို့များညီနောင်၊ အားနှင့်ဆောင်
အမှောင်ကိုခွင်း၊ ညီညွတ်ခြင်း
အလင်းကိုသာဆောင်လိမ့်မည်။

* ညောင်နှစ်ပင်လမ်း၊ သာစခန်း
စိတ်ဝမ်းကြည်ဖြူ၊ အခြေခံမူ
ညီတူစွာရေး၊ စဉ်မျှော်တွေး
နိုင်ငံ့ရှေ့ရေးအောင်ရမည်။

* ရှစ်ဖွဲ့စုံတယ်၊ ကိုယ်စားလှယ်
စိတ်ဝယ်နွေးထွေး၊ တိုင်းပြည်ရေး
ဆွေးနွေးကြစဉ်၊ ပြုံးပျော်ရွှင်
ကြည်လင်လန်းဆန်းနေကြသည်။

* ရေကန်နှင့်ကြာ၊ တင့်တယ်စွာ
သာယာလိုက်ဖက်၊ စဉ်မပျက်
ရှေ့တွက်စွဲမြဲ၊ စဉ်မခွဲ
အမြဲစည်းလုံးနေကြမည်။

* စည်းလုံးခြင်းကား၊ ပြည့်ခွန်အား
ရိုးသားဖြောင့်မတ်၊ ဒို့စိတ်ဓာတ်
မပြတ်အစဉ်၊ ချစ်ကျွမ်းဝင်
နှောင်တွင်သမိုင်းတွင်ရစ်မည်။

* သွေးခွဲမှုများ၊ ဘေးဖယ်ထား
ဒို့များညီနောင်၊ အားနှင့်ဆောင်
အမှောင်ကိုခွင်း၊ စည်းလုံးခြင်း
အလင်းကိုသာဆောင်ရမည်။

(အမျိုးသားညီလာခံအား ဂုဏ်ပြုလျက်)

ကြည်မြင့်(သာယာဝတီ)

ပြန်ကြားရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဌာနဆိုင်ရာလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၀ရက်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့မှ ထွက်ခွာလာရာ ကျောက်မဲခရိုင် သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။ ယင်းရုံး၌ ဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် မှာကြားပြီး ဆက်လက်ထွက်ခွာလာရာ ကျောက်မဲခရိုင် ကျောက်မဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ညနေပိုင်းတွင် ရောက်ရှိသည်။အဆိုပါရုံး၌ ကျောက်မဲတပ်နယ်မှ ဗိုလ်မှူးကြီး အောင်မင်း၊ ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းတို့နှင့်အတူ ဌာနမှဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီးဆက်လက် ထွက်ခွာလာရာ နောင်ချိုမြို့နယ်ရုံး၊ ထိုမှတစ်ဆင့် ပြင်ဦးလွင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတို့သို့ ညနေပိုင်းတွင် ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားခဲ့သည်။

သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ ပြင်ဦးလွင်မြို့ရှိဝန်ထမ်းများအားတွေ့ဆုံမှာကြားရာတွင် ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ နယ်မြေအာဏာပိုင်များ၏ပြန်ကြားရေးဆိုင်ရာ လိုအပ်ချက်များကိုပီပြင်အောင်ကြိုးပမ်း ဆောင်ရွက်ကြရေး၊ ဒေသခံပြည်သူများနှင့် ရင်းနှီးချစ်ကြည်စွာဆက်ဆံ၍ ဝန်ထမ်းအချင်းချင်း ရိုင်းပင်းကူညီကြရေး၊ အခက်အခဲများရှိလျှင်လည်း ဒေသအာဏာပိုင်များထံ တင်ပြပြီး ပံ့ပိုးမှုရယူ ဆောင်ရွက်ကြရေး၊ အခြားသောဌာနများမှ ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများ လိုအပ်လာလျှင်လည်းကူညီဆောင်ရွက်ကြရေးမှာကြားခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၂၁ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အထက်မြန်မာနိုင်ငံ ပုံနှိပ်တိုက်ခွဲ တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး ပုံနှိပ်တိုက်တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ချက်များကို စက်ရုံမှူး ဦးတိုးကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က တင်ပြရာ ဒုတိယဝန်ကြီးက စက်ရုံအား အချိန်မီအရည်အသွေးမီစွာ ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ဆက်လက် ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားပြီး တည်ဆောက်ပြီးစီးမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မန္တလေးမြို့ အထက် မြန်မာနိုင်ငံ ပုံနှိပ်တိုက်ခွဲ တည်ဆောက်ပြီးစီးမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (ပြန်/ဆက်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရုပ်ရှင် ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂၄

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇နာရီမှစတင်၍ ဖျော်ဖြေရေး အစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေ တင်ဆက်လျက်ရှိသည်။ ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာမြတ်တင်အေး ရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊ မေသန်းနု၊ ထွန်းထွန်းနိုင်၊ မင်းဦးတို့ ပါဝင်သရုပ်ဆောင်ထားသည့် **“ပုဂံမှာသာတဲ့လ”** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

ဖော်လူဂျာမြို့တွင် အမေရိကန်တို့ လေကြောင်းမှထပ်မံတိုက်ခိုက် အရပ်သား သုံးဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံအနောက်ပိုင်းရှိ မတည်မငြိမ်ဖြစ်နေသည့် ဖော်လူဂျာမြို့တွင် အယ်လ်ခိုင်ဒါအုပ်စုနှင့် အဆက်အသွယ်ရှိသည်ဟု သင်္ကာမကင်းခံရသူ အဘူမူဆာ အယ်-ဇာကာဝီ ပုန်းအောင်းရာနေရာဟုယူဆရသည့် နေအိမ်ကို ဒုတိယမြောက်အဖြစ် အမေရိကန်ကတိုက်ခိုက်ရာတွင် လူသုံးဦး သေဆုံးပြီး အခြားလူ ၁၀ဦး ဒဏ်ရာရရှိခဲ့သည်။ မိမိတို့ ဆေးရုံသို့ အလောင်းသုံးလောင်းနှင့် ဒဏ်ရာရသူ ၁၀ဦးတို့ ရောက်ရှိလာကြောင်း ထိခိုက်ဒဏ်ရာရသူများနှင့် သေဆုံးသူများကို သယ်ဆောင်လာသည့် ဖော်လူဂျာဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

ဇာကာဝီ ပုန်းအောင်းရာနေရာဟု မသင်္ကာသည့်နေရာကို အမေရိကန် စစ်လေယာဉ်များက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အယ်ဇာကာဝီသည် အီရတ်နိုင်ငံတွင်း တိုက်ခိုက်မှု အများအပြားတွင် နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားနေသည်ဟု အမေရိကန်တို့က စွပ်စွဲခံရသူဖြစ်သည်။

တိုက်ခိုက်

ထောက်လှမ်းရေး သတင်းအချက်အလက်များကို အခြေခံကာ အယ်ဇာကာဝီ၏ အကြမ်းဖက် ကွန်ရက်လှုပ်ရှားရာနေရာအား အမေရိကန်ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့များက နောက်ထပ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနေအိမ်အား တိုက်ခိုက်ဖျက်ဆီးပစ်ရန် ပစ်မှတ်ကို အတိအကျ ထိမှန်သည့် လက်နက်များကို အသုံးပြုခဲ့ကြောင်းနှင့် ဇာကာဝီ၏ အကြမ်းဖက်ကွန်ရက် လှုပ်ရှားသည့်နေရာကို နေရာမရွေး၊ အချိန်မရွေး မိမိတို့တိုက်ခိုက်သွားမည်သာဖြစ်ကြောင်း အမေရိကန် ဗိုလ်မှူးချုပ်မတ်ကင်းမစ်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ညအချိန်၌ ကောင်းကင်ယံတွင် ပေါက်ကွဲမှုကြီး နှစ်ကြိမ် မဖြစ်ပွားမီ အမေရိကန် လေယာဉ်တစ်စင်း၏ တဝီဝီမြည်သံကို ကြားရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

တွေ့ရှိ

အီရတ်ခုခံ တိုက်ခိုက်ရေးသမားများက တောင်ကိုရီးယား နိုင်ငံသား စကားပြန် ကင်ဆွန်အယ်ကို ကွပ်မျက်ပြီးနောက် နာရီပိုင်းအကြာတွင် ပေါက်ကွဲသံများကို ကြားခဲ့ရခြင်းဖြစ်သည်။ ၎င်း၏ အလောင်းကို ဖော်လူဂျာမြို့အနီးတွင် အမေရိကန် တပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန် စစ်လေယာဉ်တစ်စင်းသည် ဖော်လူဂျာမြို့တွင်ပင် စနေနေ့က ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေအိမ်ကို ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ စနေနေ့က ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူ ၂၀ ဦးခန့် သေဆုံးခဲ့ရသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကို ဆန့်ကျင်သည့် အနေဖြင့် ဇွန် ၂၀ ရက်က အီရတ်တို့ ကန့်ကွက်ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ လေကြောင်းမှတိုက်ခိုက်မှု ဖော်လူဂျာတွင် အီရတ်များ ဆန့်ကျင်ဆန္ဒပြ

ဖော်လူဂျာ(အီရတ်) ဇွန် ၂၃

အီရတ်နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားခဲ့သည့် ကားဗုံးဖောက်ခွဲမှုများ၏နောက်ကွယ်တွင် ကြိုးကိုင်လှုပ်ရှားနေသူဟု စွပ်စွဲခံထားရသူ ဂျော်ဒန်နိုင်ငံသားတစ်ဦးကိုရည်ရွယ်သည့် အမေရိကန်၏ လေကြောင်းမှတိုက်ခိုက်မှုကို ဆန့်ကျင်ကန့်ကွက်ရန် မတည်မငြိမ်ဖြစ်နေသည့် ဖော်လူဂျာမြို့လယ်တွင် ရာနှင့်ချီသည့် အီရတ်များ တနင်္ဂနွေနေ့က စုရုံးရောက်ရှိကာ ဆန္ဒပြကြသည်။

ဆန္ဒပြသူ အီရတ်လူအုပ်ကြီးက အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးကြပြီး ဖော်လူဂျာမြို့ကို တိုက်ခိုက်ရန် ဆင်ခြေဆင်လက်ပြနိုင်ရေးအတွက် ဂျော်ဒန်နိုင်ငံဖွား အယ်ဇာကာဝီ ပုန်းအောင်းနေသည်ဟု အမေရိကန်တို့က မမှန်မကန်ပြောဆိုစွပ်စွဲကြောင်း ပြောဆိုကြသည်။

မတည်မငြိမ်ဖြစ်

ချုံခိုတိုက်ခိုက်ခံရရာတွင် အမေရိကန်လုံခြုံရေး ကန်ထရိုက်တာ လေးဦး ရက်ရက်စက်စက် အသတ်ခံရပြီးနောက် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက ဖော်လူဂျာမြို့ကို ဧပြီလတွင် ဝိုင်းပတ် ပိတ်ဆို့ခဲ့ချိန်နောက်ပိုင်း ဖော်လူဂျာမြို့သည် မတည်မငြိမ်ဖြစ်ခဲ့ရသည်။

အယ်လ်ခိုင်ဒါ အုပ်စုနှင့် အဆက်အသွယ်ရှိသည်ဟု ယူဆရသည့် အယ်ဇာကာဝီ၏ အကြမ်းဖက်ကွန်ရက်အတွက် အသုံးချနေသည်ဟု အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များက သင်္ကာမကင်းသည့် အဆောက်အအုံတစ်ခုကို အမေရိကန်က စနေနေ့တွင် လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ ယင်းသို့တိုက်ခိုက်မှုကြောင့် လူ ၁၇ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

သို့ရာတွင် မျက်မြင်တွေ့ရှိသူများကမူ ၂၀ဦး သေဆုံးခဲ့သည်ဟု ပြောကြားကာ ယင်းအဆောက်အအုံတွင် အီရတ် မိသားစုတစ်စုနေထိုင်ပြီး နိုင်ငံခြားသား တစ်ဦးတစ်ယောက်မျှ နေထိုင်ခြင်းမရှိကြောင်း ပြောဆိုကြသည်။

အင်တာနက်။

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုကိစ္စ ဘုရှ်နှင့်ရမ်းစဖဲလ်တို့ကို သက်သေအဖြစ်ထွက်ဆိုစေမည်

ဘဂ္ဂဒက် ဇွန် ၂၃

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်တို့ကို မျက်မြင်သက်သေအဖြစ် ထွက်ဆိုစေမည်ဖြစ်ကြောင်း အီရတ်အကျဉ်းသားများ နှိပ်စက်မှုဖြင့် စွဲချက်တင်ခံထားရသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးဘက်မှ ကာကွယ်ချေပမည့် ရှေ့နေတစ်ဦးက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

သမ္မတဘုရှ်နှင့် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်တို့သည် အကြမ်းဖက်မှုအား စစ်ဆင်နွှဲခဲ့ရာတွင် ဂျီနီဗာ သဘောတူညီချက်များကို မသိကျိုးကျွန်ပြု၍ လုပ်ဆောင်ခဲ့ကြောင်း တရားခံဘက်မှ ကာကွယ်မည့် ရှေ့နေတစ်ဦးဖြစ်သူ ပေါလ်ဘာဂရင်က ပြောကြားသည်။

မိမိ၏ အမှုသည်ဖြစ်သည့် တပ်ကြပ်ကြီး ဂျာဗယ်ဒေးဗစ်သည် အီရတ်အကျဉ်းသားများထံမှ သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် ၎င်းတို့ကို အပျော့ဆွဲနည်း သုံး၍ ကိုင်တွယ်ရန် သက်ဆိုင်ရာက ညွှန်ကြားခဲ့ကြောင်း ဘာဂရင်က ပြောကြားသည်။

သမ္မတဘုရှ်က အကြမ်းဖက်တိုက်ခိုက်မှုအပေါ် စစ်ဆင်နွှဲကြောင်း ကြေညာသည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပြီး ဂျီနီဗာ သဘောတူညီချက်ကို လိုက်နာရန် မလိုတော့ကြောင်းလည်း ပြောကြားခဲ့သည်ဟု ဘာဂရင်က သတင်းထောက်များအား ပြောကြားသည်။

တရားရေးဌာနရှိ ရှေ့နေများအပေါ် ဩဇာတိက္ကမ လွှမ်းမိုးရေးကို ရည်ရွယ်သည့်အနေဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် နှိပ်စက်ညှဉ်းပန်းမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြန်လည်အဓိပ္ပာယ်သတ်မှတ်ရန် ရမ်းစဖဲလ်နှင့် အခြား အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ကြိုးပမ်းနေကြကြောင်း ဘာဂရင်က စွပ်စွဲသည်။

တပ်ကြပ်ကြီးဒေးဗစ်၊ အထူးကျွမ်းကျင်သူ ချာလ်စ်ဂရေးနာနှင့် တပ်ကြပ်ကြီး အီဗန်ဖရက်ဒရစ်တို့ အားခုံရုံးတင် မစစ်ဆေးမီ အကြိုကြားနာစစ်ဆေးမှုများကို ယခုရက်သတ္တပတ်က ဘဂ္ဂဒက်တွင် စတင်ပြုလုပ်နေပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၈၄၂ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၂၃

လွန်ခဲ့သည့်နှစ် မတ်လတွင် အီရတ်နိုင်ငံ၌ စစ်ဆင်တိုက်ခိုက်မှုများ စတင်ခဲ့ချိန်မှ ယခုနှစ် ဇွန် ၂၃ ရက်အထိ သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၈၄၂ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၆၂၂ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၂၀ဦးမှာ အခြားအကြောင်းများကြောင့်ဖြစ်သည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်မှုများပြီးဆုံးကြောင်း အမေရိကန် သမ္မတဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ခုနှစ် မေ ၁ရက်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၇၀၄ဦး သေဆုံးခဲ့သည်။ ယင်းအနက် ၅၁၃ ဦးမှာ တိုက်ခိုက်မှုများကြောင့်ဖြစ်ပြီး ၁၉၁ဦးမှာ အခြား အကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

အင်တာနက်။

ဇွန် ၂၀ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရှီးယိုက်လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများကို ထောက်ခံနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ အားလုံး ဇူလိုင်လဆန်းပိုင်းတွင် အီရတ်မှ ထွက်ခွာကြမည်

ဆိုးလ် ဇွန် ၂၃

အီရတ်နိုင်ငံတွင် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ဓားစာခံအဖြစ် ဖမ်းဆီးကာသတ်ပစ်ခဲ့သည့် အခြေအနေကြောင့် အီရတ်ရှိ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များအားလုံးကို ဇူလိုင်လဆန်းပိုင်းတွင် ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း အထက်တန်းအရာရှိတစ်ဦးက အင်္ဂါနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အီရတ်မှ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်အများစု ထွက်ခွာသွားကြပြီဖြစ်သည်။ ယခုအခါ အီရတ်နိုင်ငံတွင် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင် ၂၂ဦးသာ ကျန်ရှိတော့သည်ဟု ဝန်ကြီး လီဟီဘုမ်က သတင်းထောက်များကို ဝန်ကြီးအဖွဲ့ အစည်းအဝေးမတိုင်မီ ပြောကြားခဲ့သည်။ ၎င်းသည် ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဖြစ်သည်။ အီရတ်နိုင်ငံအတွင်း၌ ကျန်ရှိနေသော တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်အများစုမှာ အမေရိကန်စစ်တပ်အတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးသွင်းနေကြသူများဖြစ်သည်။ ၎င်းတို့သည် လာမည့်ဇူလိုင်လဆန်းပိုင်းတွင် အီရတ်နိုင်ငံမှ ထွက်ခွာကြမည်ဖြစ်ကြောင်း ဝန်ကြီး လီကဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ အီရတ်သို့ ထပ်မံစေလွှတ်မည့် အစီအစဉ် ပြန်လည်စဉ်းစားရန် တောင်းဆိုမှုများပြင်းထန်လာ

ဆိုးလ် ဇွန် ၂၃

အီရတ်နိုင်ငံ၌ တောင်ကိုရီးယားနိုင်ငံသား ကင်ဆွန်အယ်အား အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ပြန်ပေးဆွဲသတ်ပစ်မှုကြောင့် အီရတ်နိုင်ငံသို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး အစီအစဉ်ကို ပြန်လည်သုံးသပ်ပါရန် အစိုးရအား တောင်းဆိုမှုများ ပို၍ကြီးထွားလာသည်။

အဆိုပါ အစီအစဉ်အား ဖျက်သိမ်းရေးအတွက် အစိုးရကို ဖိအားပေးရန် နိုင်ငံတစ်ဝန်း လူထုဆန္ဒပြပွဲများ ဆက်တိုက်ကျင်းပခဲ့ကြသည်။

သန္နိဋ္ဌာန်ချ

အာဏာရနှင့်အတိုက်အခံနိုင်ငံရေးပါတီများမှ ပါလီမန်အမတ်များကလည်း တောင်ကိုရီးယားပြည်သူတို့၏ တောင်းဆိုချက်များကို ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် ဆုံးဖြတ်ချက်တစ်ရပ်အား ပါလီမန်သို့ ဆောလျင်စွာ တင်ပြနိုင်ရန် သန္နိဋ္ဌာန်ချထားကြသည်။

ဆုံးဖြတ်ထား

တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ အီရတ်မှ ထွက်ခွာသွားရန် တောင်းဆိုချက်ကို မဖြည့်ဆည်းလျှင် ကင်အား သတ်ပစ်မည်ဟု ပြန်ပေးသမားများ၏ ခြိမ်းခြောက်မှုများ ရှိနေလင့်ကစား တောင်ကိုရီးယား အစိုးရသည် ဩဂုတ်လမှ စတင်ကာ တပ်ဖွဲ့ဝင် ၃၀၀၀ ကို အီရတ်နိုင်ငံမြောက်ပိုင်းသို့ စေလွှတ်ရန် ဆုံးဖြတ်ထားသည်။

ပြစ်တင်ရှုတ်ချ

တောင်ကိုရီးယား ဆန္ဒပြသမားများသည် ဆိုးလ်မြို့ရှိ ချွန်ဝါဒေး အဆောက်အအုံအနီးတွင် လူထုအစည်း အဝေးကျင်းပပြီး တောင်ကိုရီးယားအစိုးရ၏ အစီအစဉ်အား ပြစ်တင်ရှုတ်ချသည့် ကြွေးကြော်သံများကို ဟစ်ကြွေးကြသည်။ ဆန္ဒပြသမား ၁၀၀ ခန့်ကလည်း အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး အစီအစဉ်ကို ဖျက်သိမ်းပစ်ရန် သမ္မတနိုမူဟွန်းအား တောင်းဆိုကြသည်။

ဆုံးဖြတ်ချက်ချ

ဆန့်ကျင်ကန့်ကွက်မှုများကြီးထွားလာမှုက နိုမူဟွန်း၏ တောင်ကိုရီးယားအစိုးရအတွက် ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးကို ဖြစ်စေသည်။ တောင်ကိုရီးယားအစိုးရသည် အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်ရေးကို အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ကြီးထွား

တောင်ကိုရီးယားအစိုးရ၏ အစီအစဉ်အား ဆန့်ကျင်ကန့်ကွက်မှုများ ကြီးထွားနေမှုနှင့် ပတ်သက်၍ တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ချိုယန်တေးလ်က သတိရှိရှိဖြင့် တုံ့ပြန်ပြောကြားသည်။

လျော်ကန်သင့်မြတ်

မိမိတို့အနေဖြင့် အခြေအနေကို စောင့်ကြည့်သင့်ကြောင်း၊ တောင်ကိုရီးယားအစိုးရ၏ မူဝါဒကို ယခုအခါမှ စတင်ကာ ဆွေးနွေးညှိနှိုင်းလျှင် ပိုမိုလျော်ကန်သင့်မြတ်ကြောင်း ကက်ဘိနက်အစည်းအဝေးသို့ မတက်ရောက်မီ ၎င်းက သတင်းထောက်များအား ပြောကြားသည်။

အင်တာနက်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်လေဆိပ်သွားသည့် အဝေးပြေးလမ်းတွင် လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်ကြားဖြတ်အစိုးရဝန်ကြီးချုပ်သည် နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့များကို ပြန်လည်စုစည်းနေစဉ် ဘဂ္ဂဒက်လေဆိပ်သွားအဝေးပြေးလမ်းတစ်လျှောက်တွင် တနင်္ဂနွေနေ့က လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲရာ အီရတ်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး ၁၁ ဦး ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိသွားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ခုခံတိုက်ခိုက်ရေးသမားများနှင့် ဘဂ္ဂဒက်မြောက်ပိုင်းတွင် တိုက်ခိုက်ကြရာ အီရတ် ၁၀ ဦးသေဆုံးပြီး အခြား ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံမှတာဝန်ရှိပုဂ္ဂိုလ်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဆမ်မာရာမြို့တွင် တနင်္ဂနွေနေ့က တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ အမေရိကန်စစ်ဘက်က ယင်းသတင်းနှင့် စပ်လျဉ်း၍ ဝေဖန်ပြောကြားမှုမရှိပေ။

တိုက်ခိုက်သူများက အမေရိကန် တပ်ဖွဲ့ဝင်များအလာကို စောင့်ဆိုင်းနေရာမှ အီရတ်တပ်ဖွဲ့ဝင်များ ကားမောင်းလာစဉ် ဖောက်ခွဲမှုပြုလုပ်လိုက်ခြင်းဖြစ်ကြောင်း အီရတ်တပ်ဖွဲ့ဝင်များနှင့်အတူ လိုက်ပါလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

နှစ်သိမ့်ထား

အမေရိကန်တပ်ဖွဲ့ဝင်များက ဒဏ်ရာရရှိသည့် အီရတ်များအား အမေရိကန် အကူအညီပေးရေးဌာနသို့ ဆေးကုသရန် ခေါ်ဆောင်သည်။ အီရတ်များ ထိခိုက်ဒဏ်ရာရရှိသည့်သတင်းကြားရသဖြင့် အီရတ်တပ်ဖွဲ့ဝင်များ ဝမ်းနည်းပက်လက်ဖြစ်ကြရာ အမေရိကန်တပ်ဖွဲ့ဝင်များက နှစ်သိမ့်ထားရသည်။

အမာခံတိုက်ခိုက်ရေးသမားများသည် ယခုအခါ မိမိတို့ထက် အီရတ်တပ်ဖွဲ့ဝင်များကို ပိုမိုပစ်မှတ်ထား တိုက်ခိုက်နေကြကြောင်း အမှတ်(၂) တပ်ရင်းကြီး တပ်မှူးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး တင်ယန်က ပြောကြားသည်။ အီရတ်ပြည်သူလူထုအား ဇွန် ၃၀ ရက်တွင် အာဏာလွှဲပြောင်းမှု မပြုလုပ်မီ အီရတ်ကြားဖြတ်အစိုးရအား အယုံအကြည်ပျက်စေရန်အတွက် တွန်းလှန်တိုက်ခိုက်သူများက အီရတ်ရဲတပ်ဖွဲ့နှင့် အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို အပြင်းအထန် တိုက်ခိုက်နေခြင်းဖြစ်သည်။ ***အင်တာနက်။***

အီရတ်၌ ဗုံးများပေါက်ကွဲ ၂၃ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံတွင် တနင်္ဂနွေနေ့က ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုများနှင့် တိုက်ခိုက်မှုများကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် ၂၃ဦး ထက်မနည်း သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်တွင် ဖြစ်ပွားသောဗုံးပေါက်ကွဲမှုကြောင့် အရပ်ဘက်ယာဉ်တစ်စီး ပျက်စီးခဲ့ရပြီး အရပ်သားတစ်ဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထိုစဉ်အတွင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး၏ နေအိမ်ကိုမည်သူမည်ဝါမှန်း မသိရသူများက တိုက်ခိုက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် ဇွန်လအတွင်း ကားဗုံးပေါက်ကွဲမှု အကြိမ် ၂၀ ထက်မနည်း ဖြစ်ပွားခဲ့သည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

ဇွန် ၂၁ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်တွင် အကျဉ်းသားတစ်ဦးက မိသားစုဝင်တစ်ဦးအား တွေ့ဆုံပွေ့ဖက် နှုတ်ဆက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရာမာဒီတွင်တိုက်ပွဲကြောင့် အမေရိကန် တပ်ဖွဲ့ဝင်လေးဦးသေဆုံး

ရာမာဒီ(အီရတ်) ဇွန် ၂၃

အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်၏ အနောက်မြောက်ဘက်ရှိ ရာမာဒီတွင် တနင်္လာနေ့က တိုက်ပွဲဖြစ်ပွားရာ အမေရိကန် တပ်ဖွဲ့ဝင်လေးဦးသေဆုံးသွားကြောင်း စစ်ဘက်သတင်းရပ်ကွက်များက ဆိုသည်။

သတင်းစာရှင်းလင်းပွဲတွင် အမေရိကန် ဗိုလ်မှူးချုပ် မတ်ကင်းမစ်က မိမိတို့ဘက်မှ တပ်ဖွဲ့ဝင်လေးဦးသေဆုံးသွားရကြောင်း ထုတ်ဖော်ပြောကြားသည်။

ပြသ

ဘဂ္ဂဒက်အနောက်ဘက် ရာမာဒီရှိ တိုက်ပွဲဖြစ်ပွားရာနေရာသို့ ပြောက်ကျားများက သက်သေများ ခေါ်ယူသွားပြီး အခြေအနေကိုပြသခဲ့သည်။ မြေပြင်ပေါ်တွင် အသက်ဆုံးရှုံးနေသော တပ်ဖွဲ့ဝင်လေးဦးတို့၏ အလောင်းများကို ပြသခဲ့သည်။ ထိုတပ်ဖွဲ့ဝင်များ၏နံဘေးတွင် ၎င်းတို့ပိုင်ဆိုင်သော ပစ္စည်းများ ပြန့်ကျဲနေသည်ကို တွေ့ကြရသည်ဟုဆိုသည်။

သဲကွဲစွာမသိရ

ထိုတပ်ဖွဲ့ဝင်များသည် မည်သည့်အချိန်က သေဆုံးခဲ့ရသည်ကို သဲကွဲစွာမသိရပေ။ တိုက်ပွဲဝင် အနေအထားတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဝတ်ဆင်လေ့ရှိသော သံခမောက်များနှင့် ကျည်ကာအင်္ကျီများလည်း ဝတ်ဆင်ထားခြင်း မရှိသည်ကို တွေ့ခဲ့ကြရသည်။

ယခု သေဆုံးမှုကိုပါ စာရင်းထည့်ပေါင်းလျှင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည့် ၂၀၀၃ ခုနှစ်အချိန်မှ ယနေ့အထိ တိုက်ခိုက်မှုများကြောင့် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၆၂၂ ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်မှ တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရန် ယူကရိန်း ပြည်သူများ ဆန္ဒပြ တောင်းဆို

ကီယက်ဗ် ဇွန် ၂၃

နိုင်ငံရေးသမားများသည် ၎င်းတို့အကျိုးစီးပွားရေးအတွက် အခြားသူများ၏ သွေးကိုမြေကျစေရန် ဆောင်ရွက်ခွင့်မရှိဟု ယူကရိန်းလူမျိုး ဆန္ဒပြသမားများက ပြောဆိုကြသည်။ ထိုဆန္ဒပြသမား ထောင်ပေါင်းများစွာတို့သည် အီရတ်သို့ရောက်နေသော ယူကရိန်းတပ်ဖွဲ့ဝင်များကို ပြန်လည်ခေါ်ယူရန် ယူကရိန်းအစိုးရထံ တောင်းဆိုကြသည်။

ဆန္ဒပြရာတွင် ကွန်မြူနစ်ပါတီဝင် ၂၀၀၀ခန့်နှင့် ရှေးရိုးခရစ်ယာန် အော်သိုဒေါက်အယူဝါဒီ ၅၀၀၀ကျော်တို့သည် တံခွန်များ၊ အလံများ၊ ဆိုင်ရာအမှတ်အသားများပါသော စာတန်းများ စသည်တို့ကို ကိုင်ဆောင်ပြီး ချီတက်ခဲ့ကြသည်။

ဟောပြော

၎င်းတို့သည် ယူကရိန်းနိုင်ငံ၏ မြို့တော်ကီယက်ဗ်ရှိ လွတ်လပ်ရေးရင်ပြင်ဆီမှ ပါလီမန်အဆောက်အအုံရှိရာသို့ ချီတက်ခဲ့ကြသည်။ ပါလီမန်အရောက်တွင် ဆန္ဒပြသူ တစ်ဦးပြီးတစ်ဦးက ယူကရိန်းတပ်ဖွဲ့ဝင်များ ဌာနေသို့ ပြန်ခေါ်ရေးအတွက် ဟောပြောခဲ့ကြသည်ဟု ဆိုသည်။

အသိပေးလို

မိမိတို့အားလုံး ယခုနေရာသို့ စုရုံးချီတက်ခဲ့ခြင်းမှာ စစ်ဖြင့်ပြဿနာဖြေရှင်း၍မရကြောင်း နိုင်ငံရေးသမားများကို သိစေလို၍ ဖြစ်သည်။ မိမိတို့၏ ရင်သွေးများ၏သွေး မြေသို့ ခြင်းဖြင့် အခက်အခဲများ ပြေလည်သွားမည်မဟုတ်သကဲ့သို့ ချမ်းသာကြွယ်ဝလာနိုင်မည် မဟုတ်ကြောင်းကိုလည်း အသိပေးလို၍ ဖြစ်သည်ဟု ကွန်မြူနစ်ပါတီ ခေါင်းဆောင် ပီထရိုဆင်မိုနင်ကိုက တရားဟောခဲ့သည်။

ပြောကြား

ယူကရိန်းအစိုးရသည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားအတွက် တပ်ဖွဲ့ဝင်များကို အီရတ်သို့စေလွှတ်ခဲ့သည်။ လူများသည် သူတို့၏ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက်သာ အသက်အသေခံသင့်သည်။ တစ်စုံတစ်ယောက်၏ အကျိုးစီးပွားအတွက် အသေမခံသင့်ကြောင်း အငြိမ်းစား ဗိုလ်ချုပ်ကြီး မီစေလိုပုဂ်နိုက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရန်အတွက် ရည်ရွယ်၍ ယူကရိန်းတပ်ဖွဲ့ဝင် ၁၆၀၀တို့ကို ယင်းနိုင်ငံသို့ယူကရိန်းသမ္မတ လီယိုနစ်ကူချ်မာက စေလွှတ်ခဲ့သည်။ ယခုအခါ ထိုလုပ်ရပ်ကို အတိုက်အခံ နိုင်ငံရေး သမားအများအပြားတို့က ဝေဖန်ကန့်ကွက် လျက်ရှိကြသည်။ ၎င်းတို့က ယူကရိန်း သည် အီရတ်သို့ လက်နက်များ တရားမဝင် ရောင်းချခဲ့သည့် ကိစ္စကြောင့် အမေရိကန်နှင့် ဆက်ဆံရေး တင်းမာခဲ့ရသည်ကို ကုစားသည့်အနေဖြင့် ယူကရိန်း တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ခြင်း ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

သေဆုံး

ယူကရိန်းတပ်ဖွဲ့ဝင်များကို ၂၀၀၃ ခုနှစ်ဩဂုတ်လတွင်အီရတ်သို့ စေလွှတ်ခဲ့သည်။ ၂၀၀၄ခုနှစ်ဦးပိုင်းတွင် အီရတ်တွင် ချုံခိုတိုက်ခိုက် ခံခဲ့ရသောကြောင့် ယူကရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ရသည်။ ထိုအချိန်မှစ၍ ယူကရိန်းတပ်ဖွဲ့ဝင်များကို ဌာနေသို့ ပြန်ခေါ်ပေးရန် တောင်းဆိုသံများ များပြားလာခဲ့သည်။ ယနေ့ အချိန်အထိပါတွက်စစ်လျှင် အီရတ်နိုင်ငံတွင် ယူကရိန်းတပ်ဖွဲ့ဝင် စုစုပေါင်းခြောက်ဦး အသက်ဆုံးရှုံးခဲ့ရပြီ ဖြစ်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံတွင် လာမည့် အောက်တိုဘာလတွင် သမ္မတရွေးကောက်ပွဲ ကျင်းပသွားရန် ရှိသည်။ ယူကရိန်းတပ်ဖွဲ့ဝင်များ ဌာနေသို့ ပြန်လည်ခေါ်ယူရေး ပြဿနာသည် ရွေးကောက်ပွဲအပေါ်တွင်ပါ ဩဇာသက်ရောက်မည့် သဘောရှိသည်။ ယူကရိန်းသမ္မတကူချ်မာကမူ ယင်း၏ တပ်ဖွဲ့များကို လုပ်ငန်းပြီး ဆုံးသည့် အချိန်အထိ အီရတ်တွင် ဆက်လက်ချထားမည်ဖြစ်သည်ဟုဆိုသည်။

ဝေဖန်

လူဦးရေ စုစုပေါင်း ၄၈သန်းမျှရှိသော ယူကရိန်းနိုင်ငံတွင် အစိုးရအနေဖြင့် ဆင်းရဲမွဲတေမှု ဒုက္ခမှလွတ်ကင်းအောင် မဆောင်ရွက်နိုင်သည့်အတွက် ဗိုလ်ချုပ်ကြီးဟောင်း ဆင်မိုနင်ကိုက အပြစ်တင် ဝေဖန်ပြောကြားခဲ့သည်။

ပြစ်တင်

ဆန္ဒပြသမား အများအပြားတို့က သမ္မတကူချ်မာကို စစ်ဝတ်စုံ ဝတ်ဆင်ပြီး လူကိုယ်တိုင်အီရတ်သို့ သွားသင့်ကြောင်း တောင်းဆိုပြစ်တင်ခဲ့ကြသည်။

မိမိတို့၏ ရင်သွေးများသည် မလိုအပ်ဘဲနှင့် တိုင်းတစ်ပါးတွင် သွေးမြေကျနေရသည့်အဖြစ်ကို မိမိ မလိုလားသဖြင့်လာရောက်ဆန္ဒပြထုတ်ဖော်ရခြင်း ဖြစ်သည်ဟု အင်နာဒိုရိုဟော်ဗာဆိုသူက ရင်ဖွင့်သွားသည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၂၂ ရက်က အီရတ်နိုင်ငံမှ တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် ဆန္ဒပြတောင်းဆို နေကြသည့် ယူကရိန်းပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂသို့ အိုလံပစ်မီးရှူးတိုင်ရောက်ရှိ စစ်ရေးပဋိပက္ခအားလုံး ရပ်စဲရေးတိုက်တွန်း

နယူးယောက် ဇွန် ၂၃

ကမ္ဘာတစ်ဝန်းလုံးရှိ မည်ကဲ့သို့သော လက်နက်ကိုင် ပဋိပက္ခတွင်မဆို ပါဝင်ပတ်သက်နေသူများ အားလုံးသည် ကုလသမဂ္ဂသို့ ပထမဆုံးအကြိမ် အိုလံပစ်မီးရှူးတိုင် အလည်အပတ်လာရောက်မှုကို ငြိမ်းချမ်းရေးမြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်း တစ်ရပ်အဖြစ်ရှုမြင်ကာ အပစ်အခတ် ရပ်စဲမှု ပြုလုပ်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က စနေနေ့တွင် တိုက်တွန်းလိုက်သည်။

တိုက်တွန်း

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ၂၀၀၄ခုနှစ်အတွက် အိုလံပစ်မီးရှူးတိုင် ခရီးတစ်ထောက်ရပ်နားခိုက်၌ အိုလံပစ်အပစ်အခတ်ရပ်စဲရေး အခမ်းအနားကို ကုလသမဂ္ဂ၌ ကျင်းပရာ မိန့်ခွန်းပြောကြားသူ အာနန်က အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ် အနည်းငယ် ကာလအတွင်း ကမ္ဘာ့နိုင်ငံများ၏ မိသားစုဖြစ်သည့် ကုလသမဂ္ဂသည် အခက်အခဲများနှင့် တွေ့ကြုံခဲ့ရကြောင်း၊ အိုလံပစ်လှုပ်ရှားမှုနှင့်ကုလသမဂ္ဂတို့၏ တူညီသော ကမ္ဘာ့မိသားစုဆိုင်ရာ အတွေးအခေါ်များကို ကမ္ဘာ့နိုင်ငံများအားလုံးက အလေးထားကြရန် လိုအပ်ကြောင်း ကိုဖီအာနန်က ဆက်လက်ပြောကြားသည်။

ပြောကြား

အိုလံပစ်မီးရှူးတိုင်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ဖြည့်ဆည်းသည့် အနေဖြင့် ကမ္ဘာ့မိသားစုအသိုက်အဝန်းတွင်းရှိ ရန်သတ္တရုပြုနေသော ပဋိပက္ခများအားလုံး အဆုံးသတ်ကြရန် တိုက်တွန်းကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်။

မြိတ်သျှ သဘော်သားရှစ်ဦးကို အီရန်က ရုံးတင်စစ်ဆေးမည်

တီဟီရန် ဇွန် ၂၃

ဗြိတိသျှရေတပ်မှ သင်္ဘောသုံးစင်းသည် အီရတ်နိုင်ငံနယ်စပ်အနီးရှိ အီရန်နိုင်ငံရေပိုင်နက်သို့ လမ်းလွဲရောက်ရှိခဲ့ဖွယ်ရှိပြီးသည့်နောက် ဖမ်းဆီးထားသော ဗြိတိသျှ သင်္ဘောသားရှစ်ဦးကို အီရန်နိုင်ငံက ရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း အီရန်နိုင်ငံပိုင် အယ်လ်အလစ် ရုပ်/သံ အစီအစဉ်က အင်္ဂါနေ့တွင် ဖော်ပြလိုက်သည်။

ဗြိတိသျှအစိုးရက ယင်းသတင်းနှင့် စပ်လျဉ်း၍ အီရန်အစိုးရထံမှ ဖြေရှင်းချက် အမြန်ထုတ်ပြန်ရန် တောင်းဆိုထားသည်။ ဗြိတိသျှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် တနင်္လာနေ့က အဖမ်းခံထားရသည့် သင်္ဘောသားများထံသို့ သွားရောက်ခြင်းမရှိဘဲ ၎င်းတို့အား မည်သည့်နေရာတွင် ထိန်းသိမ်းထားကြောင်းလည်း အီရန်အစိုးရက ပြောကြားခြင်းမရှိသေးပေ။ ဗြိတိသျှ သင်္ဘောသားရှစ်ဦးကို အီရန် ရေပြင်ပိုင်နက်အတွင်းသို့ ဥပဒေမဲ့ ဝင်ရောက်မှုဖြင့် စွဲချက်တင်မည်ဖြစ်ကြောင်း အယ်လ်အလစ် ရုပ်/သံဌာနက အမည်မဖော်သည့် အီရန်စစ်ဘက် သတင်းရပ်ကွက်များအား ကိုးကား ဖော်ပြသည်။

ဗြိတိသျှစစ်ဘက်မှ တာဝန်ရှိ ပုဂ္ဂိုလ်များသည် အီရန်ရေပြင်ပိုင်နက် တွင်းသို့ မီတာ ၁၀၀၀အထိ ဝင်ရောက်ခဲ့ပြီးနောက် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ အီရန်ရေပြင်ပိုင်နက်အတွင်း ရှိနေစဉ် ၎င်းတို့အဖမ်းခံရကြောင်း ဗြိတိသျှ သင်္ဘောသားများက ပြောကြားခဲ့သည်ဟု ရုပ်မြင်သံကြား သတင်းဌာနက ဆက်လက်ကြေညာသည်။

ယင်းဖြစ်ရပ်သည် အီရတ်နိုင်ငံအတွင်း စစ်ဆင်နွှဲနေသည့် ပြည်ပတပ်ဖွဲ့ဝင်များအတွက် အရေးကြီးဆုံးသော ပြဿနာဖြစ်ပြီး အီရန်နှင့် ဗြိတိန်အစိုးရအတွင်း ခက်ခက်ခဲခဲရှိနေသည့် ဆက်ဆံရေးသည် ပိုမိုရှုပ်ထွေးလာနိုင်ဖွယ်ရှိသည်။ဗြိတိသျှစစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား စွဲချက်တင်ရေးနှင့် စပ်လျဉ်းသည့် အီရန်တာဝန်ရှိ ပုဂ္ဂိုလ်များက အစီရင်ခံစာထုတ်ပြန်နိုင်ရန် ဗြိတိသျှတာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုးပမ်းနေကြောင်း လန်ဒန်ရှိ ဗြိတိန်နိုင်ငံခြားရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားသည်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောသည် ယင်းကိစ္စနှင့်ပတ်သက်၍ အီရန်နိုင်ငံခြားရေးဝန်ကြီးကာမဲခါရာဇီနှင့် အင်္ဂါနေ့နံနက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးကြသည်။***အမ်အင်အေ၊ရိုက်တာ။***

ဇွန်၂၁ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော် ဟစ်ကြွေးနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ
The Mirror
နိုင်ငံတကာ
သတင်းများ

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ၍ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၃

ဘဂ္ဂဒက်မြို့လမ်းတစ်လမ်းပေါ်တွင် အင်္ဂါနေ့က အမေရိကန်တပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းနှင့် အီရတ်တပ်ဖွဲ့ဝင်တို့၏ ကားများဖြတ်သန်းမောင်းနှင်နေစဉ် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လမ်းဘေးရပ်ကြည့်နေသူ အီရတ်နှစ်ဦးသေဆုံးခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့ဝင်များကပြောကြားသည်။

သေဆုံး

ကားဗုံးပေါက်ကွဲရာတွင် အီရတ်တွဲဖက်ဝန်ကြီးတစ်ဦးဖြစ်သူ အက်နန် အယ်ဂျာနာဘီ၏ အစောင့်အကြပ်တစ်ဦးနှင့် ခြောက်နှစ်သားအရွယ် အီရတ်ကလေးတစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ဂျာနာဘီကိုယ်တိုင်မှာမူ အခင်းဖြစ်ပွားရာတွင်မရှိပေ။

အီရတ်ကြားဖြတ်အစိုးရသို့အချုပ်အခြာအာဏာကို ဇွန် ၃၀ ရက်တွင်တရားဝင်လွှဲပြောင်းပေးရန်နီးကပ်လာသည့်အတွက် အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် ကားဗုံးဖောက်ခွဲမှုများနှင့် လုပ်ကြံသတ်ဖြတ်မှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လာလိမ့်မည်ဟု အမေရိကန်နှင့်အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက သတိပေးပြောကြားသည်။ ***အင်တာနက်။***

မလွဲမသွေအောင်မြင်မည့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း

နွယ် (သာယာဝတီ)

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုသမိုင်းစဉ်သည် နှစ်ပရိစ္ဆေဒရှည်လျား ကြာမြင့်ခဲ့ပါပြီ။ ကိုလိုနီဘဝမှ လွတ်မြောက် ခဲ့ပြီးသည့်နောက် ဆိုးမွေအဖြစ်ပါရှိလာခဲ့သော မူးယစ်ဆေးဝါး တရားမဝင် သုံးစွဲမှုများအား မိမိတစ်နိုင်ငံတည်း အနေဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပေါင်းစပ်၍ လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပေသည်။

ထိုနည်းအတူ မျက်မှောက်ခေတ် နိုင်ငံတော်အစိုးရလက်ထက်တွင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်ငန်းများ ပိုမိုအောင်မြင်လျက်ရှိသည်ကို မြင်တွေ့နိုင်မည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုကို အလေးထားရယူပြီးနောက် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ မူးယစ်ဆေးဝါး ပပျောက်ရေး ပင်မ ၁၅ နှစ်စီမံကိန်းကိုလည်း ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်မှ စတင်လျက် . . .

- မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး။
- နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး

စသည့် မဟာဗျူဟာနှစ်ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါး လုံးဝချုပ်ငြိမ်းပပျောက်ရေး လုပ်ဆောင်ရာတွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးများကို ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သကဲ့သို့ ဘိန်းစိုက်ပျိုးထုတ်လုပ်ရာ ဒေသများတွင် လူမှုစီးပွားရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံများအား တစ်ဖက်က ဖြည့်ဆည်းပေးခြင်း၊ အခြားတစ်ဖက်တွင်လည်း ဒေသခံလူထု၏ လူမှုရေး၊ စိတ်ဓာတ်ရေးရာအားဖြင့် မြင့်မားစေလျက် တရားဥပဒေနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်တတ်သည့် အလေ့အကျင့်များ ရရှိလာစေရန် ရည်ရွယ်လျက် ပန်းတိုင်သစ်စီမံကိန်း (New Destiny project)ကို ၂၀၀၂ ခုနှစ် ဧပြီလမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ပန်းတိုင်သစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘိန်းစိုက်ပျိုးမှု မပြုနိုင်အောင် ဥပဒေအရတားဆီးခြင်း၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် တားဆီးခြင်း၊ အစားထိုးသီးနှံမျိုးစေ့များ ဖြန့်ဖြူးခြင်း၊ ဒေသအလိုက်ဖြစ်ထွန်းမည့် တိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ ဒေသအာဏာပိုင်အဖွဲ့အစည်းဝင်များ ကွင်းဆင်းကြပ်မတ်စစ်ဆေးလျက် စည်းရုံးပညာပေးခြင်းနှင့် တောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းစသည့် နည်းဗျူဟာများကို ချမှတ်ဆောင်ရွက်သည်။

၂၀၀၂-၂၀၀၃ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ပန်းတိုင်သစ်စီမံကိန်းဝင်ဒေသများသို့ ပထမအရစ် ရန်ပုံငွေအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ကျပ် ၅၇၅ သိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)သို့ ကျပ်သိန်း ၅၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ ကျပ် ၂၄ ဒသမ ၈ သိန်း၊ ကချင်ပြည်နယ်သို့ ကျပ်သိန်း ၂၀၊ ကယားပြည်နယ်သို့ ကျပ်သုံးသိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၆၇၂ ဒသမ ၈ သိန်း ထုတ်ပေးခဲ့ပြီး ဒုတိယအရစ်ရန်ပုံငွေအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ ကျပ်သိန်း ၅၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ ကျပ်သိန်း ၅၀၊ ကချင်ပြည်နယ်သို့ ကျပ် ၂၅ သိန်း၊ ကချင်အထူးဒေသ(၁)သို့ ကျပ်သိန်း ၁၀၀၊ ကယားပြည်နယ်သို့ ကျပ်၂၅ သိန်း၊ တာချီလိတ် ပြန်လည်ထူထောင်ရေးစခန်းနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအတွက် ကျပ်သိန်း ၅၀၊ မွေးမြူရေးလုပ်ငန်းအတွက် ကျပ် ၁၂၅ သိန်း၊ ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးဌာန၊ ဝက်အကောင် ၂၀ ဆံ့ အဆောက်အအုံအတွက် ကျပ် ၁၈ ဒသမ ၅၄ သိန်း၊ ဘဝသစ်စခန်း ဆန်အိတ် ၅၀၀ အတွက် ကျပ် ၆ ဒသမ ၄၆ သိန်း ထုတ်ပေးခဲ့သည်။ ပထမအရစ် ထုတ်ပေးသည့်ငွေ ကျပ် ၆၇၂ ဒသမ ၈ သိန်းနှင့် ပေါင်းလိုက်လျှင် စုစုပေါင်း ကျပ် ၁၁၇၂ ဒသမ ၈ သိန်း သုံးစွဲခဲ့ပြီးဖြစ်သည်။

ဘိန်းအစားထိုး မွေးမြူရေးလုပ်ငန်းများအနေဖြင့် မွေးမြူရေးလုပ်ငန်းအဖွဲ့သို့ ထုတ်ပေးထားသည့် ရန်ပုံငွေ ကျပ် ၁၂၅ သိန်းအနက် တာချီလိတ်ဒေသသို့ ကြက်နှင့်ဝက်မျိုးများ ဖြန့်ဖြူးခြင်း ကျပ် ၃၅ ဒသမ ၁ သိန်း၊ 'ဝ'ဒေသသို့ ကြက်နှင့်ဝက်မျိုးများ ဖြန့်ဖြူးခြင်း ကျပ် ၂၉ ဒသမ ၃ သိန်း၊ တံတာဒေသသို့ ဝက်မျိုးဖြန့်ဖြူးခြင်း ကျပ် ၁၉ ဒသမ ၅ သိန်း၊ ကွန်ဟိန်းဒေသသို့ ဝက်မျိုးဖြန့်ဖြူးခြင်း ကျပ် ၂၁ ဒသမ ၅ သိန်း စုစုပေါင်း ရန်ပုံငွေ ကျပ် ၁၂၅ သိန်း ကျခံသုံးစွဲပြီးဖြစ်သည်။

၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင်လည်း ပန်းတိုင်သစ်စီမံကိန်းအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေစုစုပေါင်း ကျပ် ၉၆ ဒသမ ၅ သန်းကျော်ရှိသည်။ ပန်းတိုင်သစ်စီမံကိန်းအရ ၂၀၀၃-၂၀၀၄ စိုက်ပျိုးရာသီတွင် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရန် ၂၉၈၉၇ ဧက လျာထားခဲ့သော်လည်း ၃၁၂၃၆ ဒသမ ၅ ဧကအထိ လက်တွေ့စိုက်ပျိုးနိုင်သဖြင့် အစားထိုးသီးနှံစိုက်ပျိုးနိုင်မှု ရာခိုင်နှုန်း ၁၀၄ ရှိခဲ့သည်။ မူးယစ်ဆေးဝါး ပပျောက်ရေး ပင်မ ၁၅ နှစ်စီမံကိန်းကို ငါးနှစ်စီမံကိန်း သုံးကြိမ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာနှစ်တွင် ပထမ ငါးနှစ်စီမံကိန်းကာလ ပြီးဆုံးပြီဖြစ်သည်။ ဤပထမငါးနှစ်မှာပင် အောင်မြင်မှု၏ ရလဒ်အသီးအပွင့်များကို မြင်တွေ့နေရပြီ။

မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးပေါင်းဆောင်ရွက်နေသည့် ဘိန်းအတွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများ၏ နှစ်စဉ်အစီရင်ခံစာများအရ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းထုတ်လုပ်မှုများပါ တစ်နှစ်ထက်တစ်နှစ်သိသာစွာ လျော့နည်းကျဆင်းလာကြောင်း အခိုင်အမာ ဖော်ပြလျက်ရှိသည်။ မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု နှစ်နိုင်ငံ ၂၀၀၄ ခုနှစ် ကွင်းဆင်းလေ့လာ တိုင်းတာရေး ပူးပေါင်းအဖွဲ့အနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ်၊ ဆီဆိုင်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လဲချားမြို့နယ်နှင့် မိုင်းရှူးမြို့နယ်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခွင်းမား၊ မိုင်းမော၊ နမ့်တစ်၊ လုံထန်၊ ပန်လုံနှင့် ဟိုပန်ဒေသများ၊ လောက်ကိုင်၊ ကွတ်ခိုင်မြို့နယ်၊ ရောက်ဟော်၊ ကောင်းခါး စသည့်ဒေသများအတွင်း တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းများနေရာသို့ သွားရောက်၍ တိုင်းတာလေ့လာခြင်း၊ ဖျက်ဆီးထားသော ဘိန်းခင်းများနှင့် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုလေ့လာခြင်းတို့ကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည်။

မြန်မာ-အမေရိကန်နှစ်နိုင်ငံ ပူးပေါင်း၍ ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာချက်အရ ၂၀၀၃ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ဟက်တာ ၄၇၁၃၀ ရှိပြီး ထွက်ရှိမှုမှာ ၄၈၄ တန်ရှိသဖြင့် ယခင်နှစ်ကထက် ၃၉ ရာခိုင်နှုန်း ကျဆင်းသည်။ ဤစာရင်းဇယားကိုလည်း ထုတ်ပြန်ပြီးဖြစ်သည်။ ယခုနှစ် တိုင်းတာချက်များအရ ဘိန်းစိုက်ပျိုးမှုအခြေအနေမှာ ယခင်နှစ်ကထက် လျော့နည်းကျဆင်းသည့်အပြင် ဘိန်းထွက်ရှိမှုမှာလည်း ဆက်လက် လျော့နည်းနိုင်သည့် အလားအလာကောင်းများကို တွေ့ရမည်ပင်။

ထိုသို့ တစ်နှစ်ထက်တစ်နှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာခဲ့ခြင်းမှာ ဘိန်းစိုက်ခင်းများအား ဖျက်ဆီးမှုနှင့် ယှဉ်တွဲလျက် ဘိန်းခင်းအဖျက်ခံရသော တောင်သူများအတွက် စားဝတ်နေရေး ကူညီဖြည့်ဆည်းပေးမှုကြောင့်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။ အထူးသဖြင့် ပန်းတိုင်သစ်စီမံကိန်းသည် ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းနေပြီး အချို့ဘိန်းစိုက် တောင်သူများကိုယ်တိုင်က ၎င်းတို့၏ ကိုယ်ပိုင်အသိစိတ်ဖြင့် ဘိန်းစိုက်ပျိုးမှုများကို စွန့်လွှတ်ပြီး ဘိန်းမျိုးစေ့များ အပ်နှံလာခဲ့ကြသဖြင့် ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များ မီးရှို့ဖျက်ဆီးခြင်း စုစုပေါင်း ၁၁ ကြိမ်။ ဖျက်ဆီးခဲ့သည့်ပမာဏမှာ အလေးချိန် ကီလို ၁၆၃၇၂၀ ရှိသည်။

ထို့ပြင် ၂၀၀၂-၂၀၀၃ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း လမ်းပန်းဆက်သွယ်မှုခက်ခဲသောနေရာများတွင် လျှို့ဝှက်စွာ စိုက်ပျိုးထားသော ဘိန်းခင်း ၁၅၅၇ ဧကအားဖော်ထုတ်ဖျက်ဆီးနိုင်ခဲ့ပြီး ၂၀၀၃-၂၀၀၄ ခု ဘိန်းစိုက်ရာသီအတွင်း ၂၀၀၄ ခုနှစ် ဧပြီ ၂၁ ရက်ထိ ဘိန်းခင်းပေါင်း ၇၅၁၉ ဧကအထိ ဖျက်ဆီးပြီးလည်း ဖြစ်သည်။ လက်ရှိအခြေအနေအရ သုံးသပ်ကြည့်မည်ဆိုလျှင် ပန်းတိုင်သစ်စီမံကိန်း ချမှတ်ဆောင်ရွက်ပြီး နောက်ပိုင်းတွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ပိုမိုသွက်လက်အောင်မြင်လာသည်ကို တွေ့မြင်ရသည်။

နိုင်ငံတော်အစိုးရသည် ပန်းတိုင်သစ်စီမံကိန်းအရ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ရာတွင် ဘိန်းစိုက်ခင်းများ ဖျက်ဆီးခြင်းခံရသည့် ဘိန်းစိုက်တောင်သူများကိုလည်း လျစ်လျူရှု၍မထားဘဲ သက်ဆိုင်ရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ ကိုယ်တိုင်ကွင်းဆင်းလျက် ရုပ်ဝတ္ထုနှင့် စိတ်ဓာတ်ရေးရာ လိုအပ်သည့် ပံ့ပိုးကူညီမှုများပေးခဲ့သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးအတွက် ဒေသခံတိုင်းရင်းသားညီနောင်များနှင့် စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်နေခြင်းအား မသိကျိုးကျွန်ပြု၍ အမှန်တရားကို မျက်ကွယ်ပြုပြီးလျှင် ကိုယ်လိုရာဆွဲ၍ အတွေးအရေးများဖြင့် ထိုးနှက်နေသည့် ပြည်ပမီဒီယာများရှိသကဲ့သို့ ကြည်လင်သည့်အမြင်၊ ဖြူစင်သည့် နှလုံးသား၊ ရိုးသားသည့်အတွေးဖြင့် အမြော်အမြင်ကြီးစွာ အပြုသဘော ရှုမြင်တတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်လာခြင်းများလည်း ရှိသည်ပင်။

သာဓကအနေဖြင့် တင်ပြရလျှင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) အနေဖြင့် နိုင်ငံတကာ NGO အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုံးဝချုပ်ငြိမ်းပပျောက်ပြီးဖြစ်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်ဒေသ နယ်မြေအတွင်း ဆန်တန် ၇၆၀ ဖြန့်ဖြူးပေးရန် လျာထားခဲ့သည်။ ကုန်းကြမ်း၊ ပန်လော်၊ ရောက်ကိုင်၊ ရောက်ပင်ကိုင်နှင့် တာရွှေထန်ဒေသများမှ ကျေးရွာပေါင်း ၁၂၄ ရွာ၊ အိမ်ထောင်စု ၇၂၁၂ စု၊ လူဦးရေ ၄၇၉၉၉ ဦးတို့အတွက် ဆန် ၁၉၃၇ ဒသမ ၆၁ အိတ်(၅၉၆ ဒသမ ၈၉ တန်) အားလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ကိုင်သည့်အတွက် ဆန် ၃၂၆၂ ဒသမ ၂ အိတ် (၁၃၆ ဒသမ ၁၁ တန်) အားလည်းကောင်း ၂၀၀၃ ခုနှစ်အတွင်း ဖြန့်ဝေပေးခဲ့ရာ စုစုပေါင်း ဆန်အိတ် ၁၅၂၀၀ (၇၃၃)တန် ဖြန့်ဝေပေးပြီးဖြစ်သည်။

၂၀၀၄ ခုနှစ်အတွင်းမှာလည်း ဘိန်းမစိုက်တော့သည့် တောင်သူများသို့ WFP အစီအစဉ်ဖြင့် ဒုတိယအကြိမ် ဆန်တန်ချိန် ၉၈၅၅ တန် ထောက်ပံ့ပေးရေးအတွက် လျာထားစီမံ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းစဉ်များအား ပြည်တွင်း အင်အားစုများနှင့် စိတ်တူကိုယ်တူ လက်တွဲပူးပေါင်း ဆောင်ရွက်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေးအစီအစဉ် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များ လုပ်ဆောင်နိုင်ရန် သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ခြင်းဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံမှ အလိုရှိနေသည့် တရုတ်နိုင်ငံသား မူးယစ်တရားခံပြေးများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးပြီး ပြန်လည်လွှဲပြောင်းပေးခြင်းကိုလည်းကောင်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍လည်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအတွက် အသုံးပြုရန် ထိုင်းနိုင်ငံမှ ဘတ်သန်း၂၀ အကူအညီပေးရန် သဘောတူညီခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ(၁၅)နှစ် စီမံကိန်း၏ ပထမ ငါးနှစ်တာကာလအတွင်း တားဆီးနှိမ်နင်းရေးလုပ်ငန်းပိုင်းမှ အဓိကကျသော မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးရမိမှုမှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	အမျိုးအမည်	ဖမ်းဆီးရမိမှု	အရေအတွက်/အလေးချိန်
၁။	ဘိန်း	၁၈၀၆ မှု	၇၃၃၃ ကီလို
၂။	ဘိန်းဖြူ	၅၆၉၄ မှု	၁၃၅၇ ကီလို
၃။	ဆေးခြောက်	၁၉၂၄ မှု	၁၆၅၁ ကီလို
၄။	စိတ်ကြွရူးသွပ်ဆေးပြား	၂၆၃၇ မှု	၁၀၀,၀၆၄၁၀၆ ပြား
၅။	အက်ဖီဒရင်း	၁၄၂ မှု	၁၃၉၉၇ ကီလို
၆။	ဒိုင်ယာဇီပင်	၁၂ မှု	၅၉၆၀၆၆ ပြား
၇။	ချောင်းဆိုးပျောက်ဆေးရည်	၈၁ မှု	၄၅၆ လီတာ
၈။	အက်စစ်တစ်အင်ဟိုက်ဒြိုက်	၁၀ မှု	၂၀၅၃၃ လီတာ
၉။	ဓာတုဆေးရည်	၇၂ မှု	၆၀၉၀၃ လီတာ
၁၀။	ဓာတုဆေးမှုန့်	၁၆ မှု	၆၂၆၄၁ ကီလို
၁၁။	ဘိန်းချက်စက်ရုံ	-	၃၃ ရုံ
၁၂။	ဘိန်းခင်းဖျက်ဆီးမှု	-	၆၉၅၆၂ ဧက

ခြုံ၍ပြောရလျှင် နိုင်ငံတော်၏ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း၏ ပထမငါးနှစ်တွင် ထူးထူးခြားခြား ဖြစ်ထွန်းပေါ်ပေါက်လာသော အောင်မြင်မှုရလဒ်များပင်ဖြစ်သည်။ နိုင်ငံတော်သည် မူးယစ်ဆေးဝါး၏ အခြေခံဖြစ်သော ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများအား အောက်ခြေမှအစပြု၍ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ကိုင်တွယ်ဖြေရှင်းခဲ့သဖြင့် လျော့နည်းကျဆင်းလာသည့်နည်းတူ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရောင်းဝယ် ဖောက်ကားမှုများကိုလည်း မျက်ခြည်ပြတ်မခံခဲ့ပေ။ အစဉ်သတိရှိစွာဖြင့် အလေးပေးတားဆီးနှိမ်နင်းလျက်ရှိသည်။

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေသည့် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေး (၁၅)နှစ် စီမံကိန်း၏ ပထမငါးနှစ်မှာပင် ဤမျှအောင်မြင်နေပြီဆိုလျှင် ကျန်သည့် ၁၀ နှစ်တာကာလတွင် မြန်မာ့မြေပေါ်မှ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပျောက်ကွယ်သွားမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၁၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၂၀ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ တေးများ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ English For Everyday Use.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၁၅ ၆။ အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသားရိုးရာအစားအစာ (ချင်း)
၅း၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅း၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅း၅၀ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
၅း၅၅ ၁၀။ ရွှေလီတံတား
၆း၀၀ ၁၁။ တေးဂီတအစီအစဉ်
၆း၁၀ ၁၂။ Discovery.
၆း၂၀ ၁၃။ နှောင်းခေတ်တေးပဒေသာ
၆း၃၀ ၁၄။ ညနေခင်းသတင်း
၇း၀၀ ၁၅။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း-၃၄)**
၇း၃၅ ၁၇။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ တေးများ
၇း၄၅ ၁၈။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **မြန်မာဗီဒီယိုဇာတ်လမ်း အချစ်၏ဂုဏ်သိက္ခာ (အပိုင်း-၂) (ဝေဠုကျော်၊မြတ်ကေသီအောင်၊ နန္ဒာလှိုင်) [ဒါရိုက်တာ- မောင်နီလွင်(သပြု)]**
၁၁း၁၅ ၂၃။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ကွာတားဖိုင်နယ်ပွဲစဉ်-၂) ပြင်သစ်နှင့်ဂရိ**
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

တိုးတက် သစ်လွင် မြန်ပြည် တစ်ခွင်

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်တွင် တိုးချဲ့ဖွင့်လှစ်ပေးခဲ့သော ခေတ်မီ အီလက်ထရွန်နစ် စာကြည့်တိုက် (ကျောက်တန်း) အဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ–သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ် ပေါင်းတမော့ကျေးရွာ စံပြစိုက်ခင်းတွင် စပါးရိတ်သိမ်းခြွေလှေ့ပညာပေး သရုပ်ပြသနေစဉ်။ (ဓာတ်ပုံ–သတင်းစဉ်)

လှိုင်ကော် တက္ကသိုလ်

ကယားပြည်နယ် လှိုင်ကော်မြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော လှိုင်ကော်တက္ကသိုလ် ပင်မအဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ–ကြေးမုံ)

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီး–တနိုင်းလမ်းပေါ်ရှိ လွယ်လီယံတံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ–ဆောက်လုပ်ရေး)

နယ်စပ် ဒေသနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေး

အမျိုးသားညီလာခံမှ

လေ့လာသူများ၊ နိုင်ငံရေးပါတီများ ဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားလယ်သမားကိုယ်စားလှယ်များ ဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ၊အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲ ထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ ဘုရားကုန်းအထူးဒေသအဖွဲ့၊ ရှမ်းပြည်အမျိုးသား တပ်မတော်၊ ဗမာပြည် ကွန်မြူနစ်ပါတီ(ရခိုင်အဖွဲ့)၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ) အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

> **အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။**
> (သတင်းစဉ်)

မှတ်တမ်းတင်လက်မှတ်ထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီ အစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင် ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ထို့ပြင် အမျိုးသားညီလာခံသို့ ကျန်းမာရေး မကောင်းသည့်တိုင် စိတ်အားထက်သန်စွာဖြင့် တက်ရောက်လာကြသော ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်မှ ညီလာခံကိုယ်စားလှယ် ဦးမန်းတင်အောင်သန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များဖြစ်ကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်နှင့် ရုပ်ရှင်ဒါရိုက်တာဦးခင်ဇော်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးခင်ဇော်တို့သည် ဆေးဝါးကုသမှုခံယူနေသည့်ကြားမှ ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြသည်။

> **အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု အဖွင့်မိန့်ခွန်း ပြောကြားစဉ်။**
> (သတင်းစဉ်)

သဘာပတိအဖွဲ့

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နုက ဆောင်ရွက်၍သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစု

> **အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**
> (သတင်းစဉ်)

ဖတ်ကြား

> **အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအဖွဲ့ချုပ်မှ ဦးခွန်စိန်ဝင်း ဖတ်ကြားတင်ပြစဉ်။**
> (သတင်းစဉ်)

လက်မှတ်ရေးထိုး

> **အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များ မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။**
> (သတင်းစဉ်)

စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူ

> **အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး ဦးသန်းအောင်က ဆောင်ရွက်စဉ်။**
> (သတင်းစဉ်)

...သီအစည်းအဝေးတွင် သဘာပတိ၊ အမျိုးသား...းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု အဖွင့်မိန့်ခွန်း (သတင်းစဉ်)

သဘာပတိအဖွဲ့

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နုက အဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိန်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးအောင်ခမ်းထီတို့က

ရှေ့ဦးစွာအခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ် ၁၀၈၈ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၄ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၁ ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

မိန့်ခွန်းပြောကြား

ယင်းနောက်သဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နုက အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ယနေ့ကျင်းပသည့် မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံကြပါစေဟု ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း။

အကျေအလည် ညှိနှိုင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ခိုင်မာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများကို ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကို ကျင်းပလာခဲ့ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၌ ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးနှင့် စပ်လျဉ်းပြီး ညီလာခံ ကိုယ်စားလှယ်များသည် မိမိတို့ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ပါဝင်မည့် ဆွေးနွေးအကြံပြုချက်များသည် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန်နှင့် စပ်လျဉ်းပြီး အရေးကြီးသော ဆွေးနွေးအကြံပြုချက်များပါရှိမည် ဖြစ်သည့်အတွက်ညီလာခံ ကိုယ်စားလှယ်ကြီးများအားလုံးသည် စိတ်ပါဝင်စားစွာဖြင့် လေ့လာမှတ်သားကြရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

သဘာပတိအဖွဲ့

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့အားတွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီများကဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြရာတွင် ရှေ့ဦးစွာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးခင်မောင်ကြီးက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအဖွဲ့ချုပ်မှ ဦးခွန်စိန်ဝင်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် နံနက် ၁၀နာရီ ၁၀မိနစ်တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် နံနက် ၁၀နာရီ မိနစ် ၄၀တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပ



ဖတ်ကြား

...းသားညီလာခံ စုံညီအစည်းအဝေးတွင် ...တင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ ဆွေးနွေး...ချက်စာတမ်းကို ယင်းအဖွဲ့ချုပ်မှ ဦးခွန်စိန်ဝင်း...းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးသာဘန်းအောင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၏အကြံပြုချက်စာတမ်းကိုဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

တင်ပြ

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးကျာရှီး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသည့် ညီလာခံကိုယ်စားလှယ်များအားတွေ့ရစဉ်။
(အပေါ်ပုံနှင့် ဝဲပုံ)
(သတင်းစဉ်)

ဆောင်ရွက်၍သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုဆောင်ရွက်ကြသည်။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်ကြီးများ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးကို တက်ရောက်လာကြသော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ပွင့်ပွင့်လင်းလင်း အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး မိမိတို့၏ ဆွေးနွေးအကြံပြုချက် စာတမ်းများကို ပြုစုတင်ပြခဲ့ကြကြောင်း။

ယခုဆိုလျှင် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အသီးသီးသည် မိမိတို့၏ ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဤစုံညီအစည်းအဝေးကြီးတွင် စတင်ဖတ်ကြားတင်ပြကြတော့မည်ဖြစ်ကြောင်း၊ ယင်းစာတမ်းများ၌

စာတမ်းများဖတ်ကြား

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ...ရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့်မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအဖွဲ့မှ ဦးသာဘန်းအောင်ကဖတ်ကြားတင်ပြသည်။

ဆက်လက်၍ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးကျာရှီးက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ မိနစ် ၂၀တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဇွန် ၂၅ရက် နံနက် ၉နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဆက်သွယ်ရေးစီမံကိန်းအဆင့်(၂)ဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးချုပ်ဆိုပွဲ အခမ်းအနား ကျင်းပ

ရန်ကုန်　　ဇွန်　　၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက သက်သာသောအတိုးနှုန်းဖြင့် ချေးငွေနှင့် ဆောင်ရွက်မည့် ဆက်သွယ်ရေးစီမံကိန်း အဆင့်(၂)အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့ ချုပ်ဆိုမည့် The Subsidiary Loan Agreement စာချုပ်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Alcatel Shanghai Bell Co., Ltd. တို့ ချုပ်ဆိုမည့် ဆက်သွယ်ရေးစီမံကိန်း အဆင့်(၂) လုပ်ငန်းဆောင်ရွက်ရေး ကန်ထရိုက်စာချုပ်တို့ လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ Sedona Hotel, Ball Room ၌ ကျင်းပသည်။

အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေ့နေချုပ်ရုံး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် Alcatel Shanghai Bell Co., Ltd. တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆက်သွယ်ရေးစီမံကိန်း အဆင့်(၂)အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ထပ်ဆင့်ချေးသည့် Subsidiary Loan Agreement ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ အထွေထွေမန်နေဂျာ ဦးစိုးမင်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသာဦးတို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ ဆက်သွယ်ရေးစီမံကိန်းအဆင့်(၂) ဆောင်ရွက်ရန် သဘောတူ ကန်ထရိုက်စာချုပ်ကို မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် Alcatel Shanghai Bell Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ၊ Senior Vice President, Mr. Joe Tao Zhou တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ဆောင်ရွက်သွား

ယခု ချုပ်ဆိုသော စာချုပ်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေ ယွမ်သန်း ၂၅၀ဖြင့် ရန်ကုန်မြို့နှင့် နယ်မြို့များတွင် အော်တိုတယ်လီဖုန်းစနစ်များ တပ်ဆင်ခြင်း၊ ဂျီအက်စ်အမ် မိုဘိုင်းတယ်လီဖုန်းစနစ် တပ်ဆင်ခြင်းနှင့် ဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

ဆက်သွယ်ရေးစီမံကိန်း အဆင့်(၂) ဆောင်ရွက်ရန် သဘောတူ ကန်ထရိုက်စာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် Alcatel Shanghai Bell Co., Ltd မှ ဒုတိယဥက္ကဋ္ဌ Senior Vice President, Mr.Joe Tao Zhou တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

✧ မြန်မာ့ရိုးရာမှ

အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပပြုလုပ်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာလက်ဝှေ့ကျော် လေးဦးနှင့် ဂျပန်လက်ဝှေ့သမားလေးဦးတို့ ပထမနေ့တွင် နှစ်ပွဲ၊ ဒုတိယနေ့တွင် နှစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ပထမနေ့တွင် ကြားပွဲရှစ်ပွဲ၊ ဒုတိယနေ့တွင် ကြားပွဲရှစ်ပွဲ စုစုပေါင်း ပွဲပေါင်း၂၀ ကျင်းပမည် ဖြစ်သည်။ အဆိုပါ ကြားပွဲများတွင် အမျိုးသမီးပွဲများ ပါဝင်မည်ဖြစ်သည်။

မြန်မာ-ဂျပန် လက်ဝှေ့ စိန်ခေါ်ပွဲ ယှဉ်ပြိုင် ထိုးသတ်မည့်သူများမှာ မစ်ဒယ်ဝိတ်တန်း၌ ရွှေဆိုင်း(မြန်မာ)နှင့် Yoshitaro Niimi(ဂျပန်)၊ ဝယ်လ်တာဝိတ်တန်း၌ အေးဗိုစိန်(မြန်မာ)နှင့် Akitoshi Tamura(ဂျပန်)၊ လိုက်ဝယ်တာဝိတ်တန်း၌ နိုင်းဝမ်းလေး(မြန်မာ)နှင့် Takaharu Yamamoto (ဂျပန်)၊ ဖယ်လ်သာဝိတ်တန်း၌ ဝင်းထွန်း(သို့)ကျော်ဆန်း (မြန်မာ)နှင့် Seiji Wakasugi (ဂျပန်)တို့ အသီးသီး ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မစ်ဒယ်ဝိတ်တန်း

မစ်ဒယ်ဝိတ်တန်းတွင် မြန်မာဘက်မှ ယှဉ်ပြိုင် ထိုးသတ်မည့် ရွှေဆိုင်းမှာ လက်ရှိ မြန်မာပြည် ချန်ပီယံဖြစ်ပြီး

ဂျပန်လက်ဝှေ့ကျော် TAMURA

အသက် (၂၄)နှစ်၊ အရပ် ၁၇၀ ဒသမ ၁ စင်တီမီတာ၊ ကိုယ်အလေးချိန် ၇၃ ကီလိုဂရမ်ရှိသည်။ ပြိုင်ပွဲ ၁၃ ပွဲ ယှဉ်ပြိုင်ခဲ့ရာတွင် ၁၀ ပွဲနိုင်၊ တစ်ပွဲရှုံး၊ နှစ်ပွဲ သရေကျခဲ့ပြီး ဇာနည်မောင်(မြိုင်ကြီးငူ) ကလပ်အသင်းမှဖြစ်သည်။

ရွှေဆိုင်းနှင့် ထိုးသတ်ရမည့် ဂျပန်လက်ဝှေ့သမားမှာ ယိုရှီတာရို နီးမိဖြစ်ပြီး အသက် (၂၄)နှစ်၊ အရပ် ၁၇၇ စင်တီမီတာ ရှိသည်။ ၂၀၀၃ခုနှစ် ဂျပန်နိုင်ငံလုံးဆိုင်ရာ အပျော်တမ်း Shoot Boxing မစ်ဒယ်ဝိတ်တန်း တတိယ၊ ၂၀၀၃ခုနှစ် ဂျပန်အရှေ့ပိုင်း အပျော်တမ်း Shoot Boxing မစ်ဒယ်ဝိတ်တန်း ချန်ပီယံ၊ ၂၀၀၃ခုနှစ် ဂျပန်နိုင်ငံလုံးဆိုင်ရာ

မြန်မာ့ရိုးရာ လက်ဝှေ့ကျော်များနှင့် ဂျပန်နိုင်ငံမှ လက်ဝှေ့ကျော်များယှဉ်ပြိုင်မည့်ပွဲအတွက် စာနယ်ဇင်းများနှင့် တွေ့ဆုံရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန်(ပထမဆင့်) ဒေါ်မိမိခင်က ရှင်းလင်းပြောကြားစဉ်။ (ကြေးမုံ)

တိုကွန်ဂျူကု ကရာတေးပြိုင်ပွဲ အလွတ်တန်း ချန်ပီယံဆုများ ဆွတ်ခူးထားသူ ဖြစ်သည်။

ဝယ်လ်တာဝိတ်တန်း

ဝယ်လ်တာဝိတ်တန်းတွင် မြန်မာမှ အေးဗိုစိန် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အေးဗိုစိန်မှာ အသက် (၂၃) နှစ်၊ အရပ် ၅ ပေ ၈လက်မ၊ ကိုယ်အလေးချိန် ၆၇ ကီလိုဂရမ်ရှိပြီး ပြိုင်ပွဲ ၁၀ ပွဲ ယှဉ်ပြိုင်ခဲ့ရာတွင် ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြစ်ခဲ့သည်။ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် တစ်ဦးဖြစ်ပြီး ကလပ်အသင်းမှာ လယ်ယာ/ဆည်မြောင်းဖြစ်သည်။

ဝယ်တာဝိတ်တန်းတွင် အေးဗိုစိန်နှင့် ယှဉ်ပြိုင်ရမည့်သူမှာ ဂျပန်မှ အကီတိုရှီတာမူရာ အသက်(၂၃)နှစ် ဖြစ်သည်။ အရပ် ၁၇၅ စင်တီမီတာ ရှိသည်။ ၂၀၀၀ ပြည့်နှစ်



ဂျပန်လက်ဝှေ့ကျော် WAKASUAI

ဂျပန်နိုင်ငံလုံးဆိုင်ရာ အပျော်တမ်း Shoot Boxing လိုက်ဝိတ်တန်း တတိယ၊ ၂၀၀၁ခုနှစ် ဂျပန်နိုင်ငံလုံးဆိုင်ရာ အပျော်တမ်း Shoot Boxing လိုက်ဝိတ်တန်း တတိယ ရရှိထားသူဖြစ်သည်။

လိုက်ဝယ်တာဝိတ်တန်း

လိုက်ဝယ်တာ ဝိတ်တန်းတွင် မြန်မာမှ နိုင်းဝမ်းလေး ယှဉ်ပြိုင်မည်ဖြစ်ရာ နိုင်းဝမ်းလေးမှာ အသက် (၂၄)နှစ်

ဂျပန်လက်ဝှေ့ကျော် YAMAMOTO

အရပ် ၁၆၀ ဒသမ ၄ စင်တီမီတာ၊ ကိုယ်အလေးချိန် ၆၄ ကီလိုဂရမ် ရှိသည်။ ပွဲစဉ် ၃၀ ယှဉ်ပြိုင်ခဲ့ရာတွင် နိုင်ပွဲ ၂၀ နှင့် သရေ ၁၀ ပွဲ ရှိခဲ့သည်။ ရွှေခါးပတ်ချန်ပီယံ ဆုရရှိထားသူဖြစ်ပြီး မြို့တော်စည်ပင် ကလပ်မှဖြစ်သည်။

နိုင်းဝမ်းလေးနှင့် ထိုးသတ်ရမည့် ဂျပန် လက်ဝှေ့သမားမှာ တကာဟာရု ယာမာမိုတိုဖြစ်ပြီး အရပ် ၁၆၇ စင်တီမီတာ၊ အသက် (၃၁)နှစ် ဖြစ်သည်။ နာဂါစကီဝါဂျူဆု ချန်ပီယံဖြစ်ပြီး Kick Boxing မှတ်တမ်းမှာ ၁၂ ပွဲ ကစား၊ ခြောက်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေဖြစ်ကြောင်း သိရသည်။

ဖယ်သာဝိတ်တန်း

ဖယ်သာဝိတ်တန်းတွင် မြန်မာမှ လက်ရည်စစ် လူရွေးပွဲတွင် သရေကျခဲ့သော ဝင်းထွန်း (၂၄)နှစ် (ရွှေခါးပတ်ချန်ပီယံ)နှင့် ကျော်ဆန်း (၂၂)နှစ် (တိုင်းနှင့် ပြည်နယ် ငွေတံဆိပ်ရ)တို့ နှစ်ဦးအနက် တစ်ဦး ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဂျပန်မှ ဆေးဂျိဝါကာ စူဂီက ဖယ်သာဝိတ်တန်းတွင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ၎င်းသည် အသက် (၂၆) နှစ်၊ အရပ် ၁၇၀ စင်တီမီတာ ရှိသည်။ ၂၀၀၁ခုနှစ်နှင့် ၂၀၀၂ခုနှစ်တွင် ဂျူဂျစ်ဆုနှင့် Shoot Boxing ဒုတိယဆုများ နှစ်ကြိမ်စီ ဆွတ်ခူးခဲ့ပြီး ၂၀၀၃ခုနှစ် ဂျူဂျစ်ဆု တတိယ ရရှိထားသူဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်းဝမ်းလေး

လိုက်ဝယ်လ်တာ ဝိတ်တန်းတွင် မြန်မာနိုင်ငံမှ ယှဉ်ပြိုင်မည့် နိုင်းဝမ်းလေး (မြို့တော်စည်ပင်ကလပ်) အား တွေ့ရစဉ်။ (ကြေးမုံ)



မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဒဂုံမြို့သစ်(အရှေ့ပိုင်း)တွင် ကျင်းပ

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် သစ်တောရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ကူညီပံ့ပိုးမှုဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃)ရပ်ကွက် ကျန်စစ်သားလမ်းရှိ တိပိဋက မဟာဂန္ဓာဝင် ကျောင်းတိုက်၌ ကျင်းပသည်။

စိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်ဦးဆောင်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များ ဖြစ်ကြသော ဒေါ်ခင်စောနှင်း၊ ဒေါ်ခင်ဌေးမြင့်၊ အဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးနှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှဝန်ထမ်းများ စုစုပေါင်း ၁၀၀ခန့်တို့သည် လုပ်ငန်းခွင်မပျက် ကံ့ကော်၊ မယ်ဇယ်၊ ပိတောက်၊ ငုရွှေဝါ၊ ပုန်းညက်စသည့် အရိပ်ရသစ်ပင် ၆၀ခန့်ကို စိုက်ပျိုးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် ပတ်ဝန်းကျင် ထိန်းထိမ်းရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များ ဖြစ်ကြသော ဒေါ်ခင်စောနှင်း၊ ဒေါ်ခင်ဌေးမြင့်၊ အဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးနှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော တိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသနှင့် သံဃာတော်များထံ လှူဖွယ်ပစ္စည်းနှင့် ဆေးပဒေသာပင်အတွက် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် သစ်တောရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ကူညီပံ့ပိုးမှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ တိပိဋကမဟာဂန္ဓာဝင်ကျောင်းတိုက်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် အရိပ်ရသစ်ပင်များကို စိုက်ပျိုးစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ် ပြည်ပပို့ကုန် ပစ္စည်းပြပွဲ ခင်းကျင်းပြသရေးနှင့်စပ်လျဉ်းသည့် သတင်းစာ ရှင်းလင်းပွဲကို ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ် ပြည်ပပို့ကုန်ပစ္စည်းပြပွဲ ခင်းကျင်းပြသရေး သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်း(CHONGQING)မြို့နှင့် ဆီချွမ်(SICHUAN)ပြည်နယ် ပြည်ပပို့ကုန်ပစ္စည်း ပြပွဲခင်းကျင်းပြသရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံ-နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အဖွဲ့ဝင် သတင်းထောက်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့နှင့် ဆီချွမ်ပြည်နယ် ကုန်သွယ်ရေး ကိုယ်စားလှယ်များဖြစ်ကြသော Mr. Zhou Hong၊ Mr. Diao Helinနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေး သံမှူးကြီး Mr. Tang Haiတို့က ကုန်စည်ပြပွဲ ခင်းကျင်းပြသခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ အဆိုပါပြပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် မီးရထားစက်ခေါင်း၊ မော်တော်ဆိုင်ကယ်၊ကုန်တင်ယာဉ်ငယ်၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊စက်ပစ္စည်း အမျိုးမျိုး၊ စက္ကူပစ္စည်းနှင့် သက်ဆိုင်သည့် စက်ကိရိယာများ၊အထည်အလိပ်နှင့် လယ်ယာသုံးပစ္စည်းကိရိယာများ (ဓာတ်ငွေ့အင်ဂျင်၊ ဒီဇယ်အင်ဂျင်၊ မီးစက်၊ရေစုပ်စက်)၊ ကြမ်းခင်းနှင့် သစ်မာ၊အိမ်အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာ ပစ္စည်းများ၊ ဆေးဝါးနှင့်အိမ်သုံးပစ္စည်းများ၊လယ်ယာလုပ်ငန်းသုံးဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ သီးနှံမျိုးစေ့များ၊ အသေးစားစက်မှုလုပ်ငန်းသုံး ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ပြသသွားမည်ဖြစ်သည်။ ပြပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဇာတ်ဌာန၌ ဇွန် ၂၈ရက်မှ ဇူလိုင် ၁ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော် အရှေ့ဘက်ရှိ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ ဝါဆို-ဝါကပ်တော်မူကြသော သံဃာတော်၊သီလရှင် ဆရာကြီး၊ ယောဂီများအား တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဇူလိုင် ၇ ရက် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင် ဝါဆိုသင်္ကန်းနှင့် ဝတ်စုံကပ်လှူပူဇော်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ရာ ပါဝင်လှူဒါန်း၊ ရေစက်ချတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲမှ ကျင်းပသော ဘက်စုံဆောင်ရွက်မှု အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း ကျောင်းသူတစ်ဦးအား ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်စဉ်။ (က-ပ)

ASIAN

(၂၀)ကြိမ်မြောက် ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းများ အစည်းအဝေး။
(၅)ကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယား ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းများအစည်းအဝေး။
တတိယအကြိမ် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး

မြန်မာနိုင်ငံ၊ တောင်ကြီးမြို့
၂၀၀၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၁ ရက်နေ့အထိ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၄

International Day Against Drug Abuse and Illicit Trafficking
26-6-2004

ဆေးဝါးကုသ အောင်ပွဲရ မူးယစ်ကင်းစင်ဘဝ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန် ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီစဉ် (က)မြန်မာစာ (အထူးပြုအားလုံး) (ခ)ရှေးခေတ်ပုဂံပြည်
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ"(အပိုင်း-၁၅)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက်တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်ကလှုပ်ရှားတေးသမား" (အပိုင်း-၁၃)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

သစ်တောရေးရာ အားကစားသမားများ ဂုဏ်ပြု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဆုများချီးမြှင့်

ရန်ကုန် ဇွန် ၂၄

၂၀၀၃–၂၀၀၄ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုဆု ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆုရ အားကစား မောင်မယ်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး တစ်နှစ်အတွင်း အကောင်းဆုံး အားကစားသမားဆုရ မောင်ရန်လင်းအောင် (ရေကူး)၊တစ်နှစ်အတွင်း အကောင်းဆုံး အသင်းဆုရ ရေကူးအသင်း တာဝန်ခံ ဦးစိန်ဝင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက အားကစားနည်းအလိုက် အောင်ပွဲရရှိခဲ့သော အားကစားမောင်မယ် များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အားပေးစကားပြောကြား

ထို့နောက် အားကစားသမားများကိုယ်စား ရေကူးအားကစားသမား မောင်ရန်လင်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဝန်ကြီးက အားကစား မောင်မယ်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ဂုဏ်ပြုညစာဖြင့် ဧည့်ခံသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၀၃–၂၀၀၄ခုနှစ်အတွင်း ပြည်တွင်းပြိုင်ပွဲများ၌ ရွှေ ၁၂၃ဆု၊ ငွေ ၁၀၁ ဆု၊ ကြေး ၉၃ ဆုနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတစ်၊ ငွေခုနစ်၊ ကြေးကိုး စုစုပေါင်း ဆုတံဆိပ် ၃၃၄ခု ရရှိခဲ့သည်။ (ကြေးမုံ)

သစ်တောရေးရာဝန်ကြီးဌာန အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တစ်နှစ်အတွင်း အကောင်းဆုံး အသင်းဆုရ ရေကူးအသင်းတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးစိန်ဝင်းအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကျောင်းဆင်းဖက် အရာရှိများကိုယ်စား ဗိုလ်မှူးမောင်လတ်(ငြိမ်း) နှင့် ဗိုလ်မှူးသန့်ဇင်(ငြိမ်း)တို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဇွန် ၁ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၄–၆–၂၀၀၄)

သထုံ	–	၁၃ ဒသမ ၉၀ လက်မ
ဘားအံ	–	၁၂ ဒသမ ၄၄ လက်မ
ကော့ကရိတ်	–	၁၁ ဒသမ ၂၆ လက်မ
ဟသ်ာတ	–	၁၀ ဒသမ ၀၀ လက်မ
သံတွဲ	–	၆ ဒသမ ၈၉ လက်မ
ကျောက်တော်	–	၅ ဒသမ ၄၇ လက်မ
သာယာဝတီ	–	၄ ဒသမ ၈၈ လက်မ
မင်္ဂလာဒုံ	–	၄ ဒသမ ၅၃ လက်မ
ဇောင်းတူ	–	၄ ဒသမ ၁၃ လက်မ

မိုးရေချိန် စံချိန်သစ်များ ထုတ်ပြန်

ရန်ကုန် ဇွန် ၂၄

၂၀၀၄ခုနှစ် ဇွန်လ ၂၄ရက် နံနက် မြန်မာစံတော်ချိန် ၀၉း၃၀ နာရီအချိန်တွင် အောက်ဖော်ပြပါ စခန်းများ၌ ဇွန်လ၏ ၂၄နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို ရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်	စံချိန်ဟောင်း		စခန်း၏ မှတ်တမ်းကာလ (နှစ်)
		လက်မ	လက်မ	နေ့ရက်	
၁။	သထုံ	၁၃ ဒသမ ၉၀	၈ ဒသမ ၁၁	၂၂–၆–၁၉၉၄	၃၂
၂။	ဘားအံ	၁၂ ဒသမ ၄၄	၇ ဒသမ ၅၂	၁၆–၆–၂၀၀၄	၃၉
၃။	ကော့ကရိတ်	၁၁ ဒသမ ၂၆	၁၀ ဒသမ ၁၆	၂၃–၆–၁၉၉၁	၂၇
၄။	ဟသ်ာတ	၁၀ ဒသမ ၀၀	၉ ဒသမ ၁၄	၁၅–၆–၁၉၆၁	၄၄

ရန်ကုန်မိုးရေချိန်

(၂၄–၆–၂၀၀၄)

မင်္ဂလာဒုံ	–	၄ ဒသမ ၅၃ လက်မ
ကမ္ဘာအေး	–	၂ ဒသမ ၇၆ လက်မ
ရန်ကုန်မြို့လယ်	–	၀ ဒသမ ၈၆ လက်မ

“စတိုင်”ဇာတ်ကားသစ် ဆက်လက်အောင်ပွဲခံ

ရန်ကုန် ဇွန် ၂၄

ယခုသောကြာပတ်တွင် လပ်ကီးဆဲဗင်းရုပ်ရှင်မှ ဒါရိုက်တာမိုက်တီး ရိုက်ကူး၍ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ ရာဇာနေဝင်း၊ စိုးမြတ်နန္ဒာ၊ ဇာဂနာတို့ သရုပ်ဆောင်သည့်**“စတိုင်”**ဇာတ်ကားသစ် သမ္မတ၊ သွင်၊ မင်္ဂလာရုံကြီးများတွင် ဆက်လက် အောင်ပွဲခံ ပြသနေဆဲရှိသည်။

‘စတိုင်’ဇာတ်ကားသစ်မှ လွင်မိုးနှင့်အိန္ဒြာကျော်ဇင်။

ဒါရိုက်တာ မလိခစိုးထိုက်အောင် ရိုက်ကူး၍ ဒွေး၊ ထက်ထက်မိုးဦး၊ ရဲအောင်တို့သရုပ်ဆောင်သည့်**“အချစ်သည် တစ်ခါတစ်ရံ၌ ဤသို့ဖြစ်တတ်သည်”**ဇာတ်ကား ပရိသတ်အားပေးမှုဖြင့် ရွှေ့ဆောင်ရုံတွင် တင်ဆက်ပြသလျက်ရှိသည်။

နေပြည်တော်

နေပြည်တော်ရုံတွင် THE RUN-DOWN အမည်ရှိ နိုင်ငံခြားဇာတ်ကားသစ် ရုံတင်လာသည်။ အမေဇုန်တောကြီးအတွင်းသည်းထိတ်ရင်ဖိုဖြစ်ရပ်အပေါ် အခြေခံပြီး ရိုက်ကူးထားသည့် အက်ရှင်ဇာတ်ကား ဖြစ်သည်။

မြို့မ

မြို့မရုံတွင် VILLAN အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသသည်။ ရှရွတ်ခန်း၊ ဟီနန်နှင့် ကီရမ်တို့ သုံးပွင့်ဆိုင် အချစ်အလွမ်း သရုပ်ဖော် ဇာတ်ကားအဖြစ် ကြည့်ကြရမည်။

ရွှေဂုန်

ရွှေဂုန်ရုံတွင် ဒါရိုက်တာခင်စောမျိုး၏ **“သေသောသူသည် သုသာန်သို့သွားသည်”**အဆင့်မြင့်ဗီဒီယိုဇာတ်ကား ရုံတင်လာသည်။ ကျော်ဟိန်း၊ ဝေဠုကျော်၊ ခန့်စည်သူ၊ နဝရတ်တို့ သရုပ်ဆောင်ကြသည်။

ဘုရင်

ဘုရင်ရုံတွင် HAMARA DIL-AAP KE-PAASHAI အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသသည်။ မိသားစုအိမ်ထောင်ရေးရှုပ်ထွေးရာမှ စစ်မှန်သောမေတ္တာပေါ်ပေါက်လာပုံကို သရုပ်ဖော်ထားသည်။

ဆုထူးပန်ရုံတွင် DOLI SAJAKE RAKHNA အမည်ရှိ အိန္ဒိယ အချစ်ဇာတ်ကား ရုံတင်လာသည်။ ချစ်သူနှစ်ဦး၏ ကြည်နူးဖွယ် မေတ္တာဇာတ်လမ်းကို ခင်းကျင်းပြသထားသည်။

ရတနာပုံ

ဆက်လက်၍ မြေနီကုန်းရတနာပုံရုံတွင် ဒွေး၊ ထွန်းအိန္ဒြာဗို၊ ကြည်လဲ့လဲ့ဦးတို့ပါဝင်သော **“ပြိုင်ဘက်မရှိ”** မေတ္တာဘွဲ့ဇာတ်ကား ရုံတင်ပြသနေသည်။ စိန်ချစ် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ဒါရိုက်တာ ခိုင်မြတ်အောင် ရိုက်ကူးပြီး ရန်အောင်၊ ရာဇာနေဝင်း၊ ပုလဲဝင်း၊ ဇင်ဇင်ဇော်မြင့်၊ ဆုရွှန်းလဲ့တို့ ပါဝင်သော **“ကောင်းမှုကောင်း”**အဆင့်မြင့် ဗီဒီယိုဇာတ်ကား ရွှေမန်းနှင့် သီတာရုံတို့တွင် ပြသသည်။ **(ကြေးမုံ)**

မော်ဝင်ကြိုးဇာတ်ကားသစ် ရှေ့အပတ်ရုံတင်မည်

ရန်ကုန် ဇွန် ၂၄

လာမည့် သောကြာပတ်တွင် ရွှက်စိမ်းရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူး၍ လူမင်း၊ ရာဇာနေဝင်း၊ ဟက်ကက်၊ ဗျိုက်၊ အိန္ဒြာကျော်ဇင်နှင့် တင့်တင့်ထွန်းတို့ သရုပ်ဆောင်သည့် **“မော်ဝင်ကြိုး”**ဇာတ်ကားသစ် ရုံတင်မည်ဖြစ်သည်။

ရုပ်ရှင်

‘မာန်ရဲ့ဒဏ်’ အဆင့်မြင့် ဗီဒီယိုဇာတ်ကားမှ သရုပ်ဆောင်ကွက်။

“မာန်ရဲ့ဒဏ်” အဆင့်မြင့်ဗီဒီယို နဝဒေးရုံတွင်တင်ဆက်

ရန်ကုန် ဇွန် ၂၄

ယခုသောကြာပတ်တွင် ငွေသိုက်ဗီဒီယိုမှ ဒါရိုက်တာဒွေး ပထမဆုံးအကြိမ် သရုပ်ဆောင်ဒါရိုက်တာအဖြစ် အာရုံသစ်၏ ဝတ္ထုဇာတ်ညွှန်းကို ရိုက်ကူးသည့် **“မာန်ရဲ့ဒဏ်”** အဆင့်မြင့်ဗီဒီယိုဇာတ်ကား နဝဒေးရုံတွင် တင်ဆက် သည်။ ကျော်ဟိန်း၊ နေအောင်၊ ကျော်သူ၊ ဒွေး၊ သားညီ၊ ဇော်ထူး၊ နဝရတ်၊ မေကဗျာတို့ အထူးသရုပ်ဆောင် ပါဝင်ထားကြသည်။ **(ကြေးမုံ)**



VILLAN **အိန္ဒိယဇာတ်ကားမှ သရုပ်ဆောင်ကွက်။**

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဇွန် ၂၆ရက်မှ ဇူလိုင် ၃ရက်အထိ ကျင်းပမည်

ရန်ကုန် ဇွန် ၂၄

၂၀၀၄ ခုနှစ် ကျောက်စိမ်း ကျောက်မျက်အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ညနေ ၅နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ဇွန် ၂၆ရက်မှ ဇူလိုင် ၃ရက်အထိ ကျင်းပရန်သတ်မှတ်ကြသည်။

ထို့နောက် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်ရန် ရတနာကုန်သည်များ ဖိတ်ကြားမှုအခြေအနေနှင့် ပြန်ကြားချက်ရရှိမှု အခြေအနေများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသားများအား တက်ရောက်ခွင့်ပြုမည့် အခြေအနေကိုလည်းကောင်း၊ ငွေပေးချေရေးကိစ္စပြင်ဆင်ဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း၊ ကျောက်စိမ်းဆပ်ကော်မတီ၊ ကျောက်မျက်ဆပ်ကော်မတီ၊ စီမံရေးရာ ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း တင်ပြကြသည်။

ယင်းနောက် အထွေထွေပိုင်းတွင် ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံခြားငွေ ပိုမိုတိုးတက်မြင့်မားစွာရောင်းချနိုင်ရေးအတွက် အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အထူးရောင်းချပွဲကျင်းပရေး ဗဟို ကော်မတီဝင်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ပေးကြရန် နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဟံသာဝတီအသင်း ဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၄

ဟံသာဝတီအသင်း ဝါဆိုသင်္ကန်းလှူဒါန်းပွဲကို ရန်ကုန် အသင်းတိုက်၌ ဇူလိုင် ၁၈ ရက်တွင် လည်းကောင်း၊ ဟံသာဝတီမြို့၌ ဩဂုတ် ၁ ရက်တွင် လည်းကောင်းကျင်းပမည်ဖြစ်ပြီး(၃၁) နှစ်မြောက် မိုးသံဃဒါန ဆွမ်းလောင်းပွဲကို ဟံသာဝတီမြို့၌ ကျင်းပရန် စီစဉ်ထားရာ စက်တင်ဘာ ၁၆ ရက်တွင် ရန်ကုန်မှ ထွက်ခွာကြမည်ဖြစ်ပြီး စက်တင်ဘာ ၂၃ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ကြိုတင် ပါဝင်လှူဒါန်းလိုသူများနှင့် လိုက်ပါလိုသူများသည် ဦးမျိုးဆွေ ဖုန်း–၅၈၄၇၃၄၊ ဦးသန်းဦး ဖုန်း ၂၉၄၄၉၈၊ ၂၅၃၁၁၀၊ ဦးလှကြည် ဖုန်း–၅၃၄၅၄၈၊ ဒေါ်ညွန့်ညွန့် ဖုန်း–၂၄၅၃၉၅ တို့သို့ ဆက်သွယ်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (ကပ)

ယူရို–၂၀၀၄ ကွာတားဖိုင်နယ်ပွဲများ ယနေ့စတင်မည် စပိန်၊ အီတလီနှင့် ဂျာမနီတို့ အုပ်စုမှထွက်ရ

ရန်ကုန် ဇွန် ၂၄

ယူရို–၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)နောက်ဆုံးပွဲစဉ်ကို ယနေ့ နံနက် ၁ နာရီ ၁၅ မိနစ်က ပေါ်တူဂီနိုင်ငံတွင် ကျင်းပရာ ချက်အသင်းကဂျာမနီအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် လည်းကောင်း၊ နယ်သာလန်အသင်းက လတ်ဗီးယားအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကြသည်။

အုပ်စု(ဃ)တွင် ချက်အသင်းက သုံးပွဲစလုံးအနိုင်ရရှိပြီး ကိုးမှတ်ရရှိကာ အုပ်စုပထမရသည်။ နယ်သာလန်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စုဒုတိယရသည်။ ဂျာမနီအနေဖြင့် ချက်ကို အနိုင်ရပါက ငါးမှတ်ဖြင့်ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်မည် ဖြစ်သော်လည်းရှုံးသွားသဖြင့် အုပ်စုမှ ထွက်ခဲ့ရသည်။

ယူရို–၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန် ၁၂ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့တွင် အုပ်စုပွဲစဉ်များပြီးစီးသွားပြီဖြစ်သည်။ အုပ်စု(က)မှ ပေါ်တူဂီနှင့် ဂရိ၊ အုပ်စု(ခ)မှ ပြင်သစ်နှင့် အင်္ဂလန်၊ အုပ်စု(ဂ)မှ ဆွီဒင်နှင့် ဒိန်းမတ်၊ အုပ်စု(ဃ)မှ ချက်နှင့် နယ်သာလန်တို့ ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်လာကြသည်။

နာမည်ကြီးအသင်းများဖြစ်သည့် အုပ်စု(က)မှ စပိန်၊ အုပ်စု(ဂ)မှ အီတလီနှင့် အုပ်စု(ဃ)မှ ဂျာမနီတို့ အုပ်စုအဆင့်မှာပင် ထွက်သွားခဲ့ကြရသည်။

(ကွာတားဖိုင်နယ်ပွဲစဉ်များ)

၂၅–၆–၂၀၀၄
နံနက် ၀၁း၁၅ နာရီ
ပေါ်တူဂီနှင့် အင်္ဂလန်

၂၆–၆–၂၀၀၄
နံနက် ၀၁း၁၅ နာရီ
ပြင်သစ်နှင့် ဂရိ

၂၇–၆–၂၀၀၄
နံနက် ၀၁း၁၅ နာရီ
ဆွီဒင်နှင့် နယ်သာလန်

၂၈–၆–၂၀၀၄
နံနက် ၀၁း၁၅ နာရီ
ချက်နှင့် ဒိန်းမတ်

(ကြေးမုံ)

ယူရို–၂၀၀၄ အုပ်စု(ဃ) နယ်သာလန်နှင့် လတ်ဗီးယားတို့ပွဲတွင် နယ်သာလန်တိုက်စစ်မှူး နစ္စတယ်ရွိုင်း ဒုတိယဂိုး သွင်းယူစဉ်။ (ဓာတ်ပုံ–အင်တာနက်)

❍ အင်အားတောင့်တင်းမှ

စသည်တို့ကိုသာ ပြုလုပ်ကစားနိုင်သည်။ ကွင်းလယ်ထဲသို့ ဘောလုံးကို ဆွဲသွင်းပြီး ကစားကွက်ဆင်တိုင်း ပေါ်တူဂီအသင်း၏ ချေဖျက်ခြင်းကို ခံရသည်။

ကွင်းလယ်ဖျက်အား

စပိန်နှင့် ကစားသောပွဲစဉ်တွင်လည်း ဂရိသည် ကစားပုံ၊ ကစားသည့်နည်းပရိယာယ်များကို ပြောင်းလဲ မကစားနိုင်ဘဲဖြစ်ခဲ့သည်။ ကွင်းလယ်ကစားကွက်ကို ပုံဖော်ကစားနိုင်ခြင်းမရှိ။ သို့ဖြစ်၍ ဂရိသည် တောင်ပံများမှ ဖောက်ထွက်ခြင်း၊ နောက်တန်းမှ လှမ်းတင်ခြင်းတို့ဖြင့်သာ ထိုးဖောက်ကစားနိုင်သည်။ သို့သော် ဒုတိယပိုင်း စပိန်နှင့်ပွဲတွင် ဂရိလူစားလဲခဲ့သောကြောင့် ကွင်းလယ်ကစားကွက်သည် အထိုက်အလျောက် ကောင်းလာသည်။ စပိန်အသင်းကိုပင် ပြန်လည်ခြိမ်းခြောက် ကစားလာနိုင်ခဲ့သည်။ စပိန်နှင့်ပွဲတွင်ပေါ်တူဂီနှင့် ပွဲလောက် အားမထည့်ဘဲ ကစားသည်။ ပေါ်တူဂီနှင့်ပွဲက အားပါပြီး ကွင်းလယ်ဖျက်အားလည်းကောင်းသည်။

ခက်ခဲမည်

ရုရှားနှင့်ပွဲတွင်လည်း ဂရိ၏ နည်းပရိယာယ်ပိုင်းဆိုင်ရာတို့သည် ရှေ့နှစ်ပွဲကဲ့သို့ ပုံသေလုပ်ရှားကစားသွားသည်။ သို့သော် ကွင်းလယ်ကစားကွက်ကို ပုံဖော်ကစားနိုင်သည်။ လက်ရှိကစားခဲ့သော ဂရိ၏ပွဲများအရ ပြင်သစ်ကို ယှဉ်ပြိုင်ကစားရန် ခက်ခဲပေလိမ့်မည်။

ပြင်သစ်သည် အင်္ဂလန်နှင့်ပွဲစဉ်တွင် ကွင်းလယ်ကို ပိုမိုထိန်းသိမ်း ကစားသွားနိုင်သည်။ မိမိခြေထဲတွင် ဘောလုံးကိုထိန်းပြီး ကစားကွက်ကို ကြိုက်သလို ခြယ်လှယ်ကစားသွားသည်။ ပြိုင်ဘက်၏ အားနည်းချက်အပေါ် ကြည့်၍ တိုက်စစ်ကို ဆင်တတ်သည်။ အင်္ဂလန်နှင့်ပွဲတွင် ပြင်သစ်သည် ညာဘက်ခြမ်းမှထိုးဖောက်ကစားသွားသည်။ အင်္ဂလန်နှင့်ပွဲတွင် ပြင်သစ်သည် တစ်ချိန်လုံး အပေါ်စီးမှ ဖိကစားသွားသည်။

ခရိုအေးရှားပွဲတွင်လည်း ပြင်သစ်သည် ကွင်းလယ်တစ်ခုလုံးကို စိုးမိုးကစားသွားနိုင်သည်။ အထူးသဖြင့် ပြင်သစ်သည်ညာဘက်ခြမ်း ထိုးဖောက်ချက်ကို အားပြုကစားသည်။ သို့သော် ပြင်သစ်၏ နောက်တန်းသည် အင်္ဂလန်နှင့် ခရိုအေးရှားတို့ပွဲတွင် အားရကျေနပ်ဖွယ်မကောင်းချေ။နှစ်ပွဲပေါင်း အသွင်းခံရသောဂိုးများသည် နောက်တန်းညံ့၍ ဖြစ်သည်။

ခြေသွေးပွဲ

ဆွစ်ဇာလန်နှင့်ပွဲတွင် ပြင်သစ်သည် အေးအေးဆေးဆေးဖြင့် အထက်စီးမှ ကစားသွားသည်။ ၎င်းပွဲသည် ဂရိနှင့် ပွဲအတွက် ခြေသွေးပွဲဟု ဆိုနိုင်သည်။

ခရိုအေးရှားနှင့်ပွဲတွင် ပြင်သစ် ရှေ့တန်း လူထုတ်ပုံကောင်းသည်။ ဟင်နရီ၊ ဝီတော့(ဒ်)၊ ထရက်ဇီဂေးတို့ ဖြစ်သည်။ ယင်းအတွဲတိုင်းဆိုလျှင် ဂရိနောက်တန်းကို ဖြတ်ကျော်နိုင်စွမ်းရှိသည်။ ကွင်းလယ်မှာ မက်ခီလီလီ၊ ပီရက်စ်၊ ဗီယာရာ၊ ဇီဒန်းတို့ရှိသည်။ ထို့အပြင် ဒါကုတ်နှင့် မိုနာကိုမှ ရိုသန်တို့ရှိသည်။ နောက်တန်းမှာ ဒက်ဆယ်လ်လီ၊ လီဇာရာဇူး၊ သူရမ်၊ ဆီဗက်စထရာ၊ ဂါးလက်(စ်)တို့ ရှိသည်။

ဂရိ၏ရှေ့တန်းမှာ စတီးရပ်(စ်)၊ ဘရိုင်ဇက်တို့ရှိသည်။ ထို့အပြင် ပါပါဒိပူးလော့စ်လည်း ရှိသေးသည်။ အလယ်တန်းမှာ ကာရာဂူးနစ်၊ ဇာဂိုရာကစ်၊ ကာပလော့စ်၊ ဘာဆီနက်စ်တို့ ရှိသည်။ ကွင်းလယ်မှနေပြီး အဓိက လှုပ်ရှားသူများမှာ ကာရာဂူးနစ်နှင့် ဇာဂိုရာကစ်တို့ ဖြစ်ကြသည်။ နောက်တန်းမှာ ဖစ်ဆက်စ်၊ ဆီတာရီဒစ်၊ ဒဲလက်စ်၊ ကပ်စ်ဆစ်တို့ ကစားလေ့ရှိသည်။

ဂရိအသင်းနှင့် ကွာတားဖိုင်နယ်ပွဲ ယှဉ်ပြိုင်ကစားမည့် ပြင်သစ်အသင်းမှ နာမည်ကြီး ဘောလုံးသမား ဇီဒန်း(ယာ)နှင့် ရောဘတ်ပီရက်စ်(ဝဲ)။ (ဓာတ်ပုံ–အင်တာနက်)

အဓိကဗျူဟာ

ဂရိ၏အဓိကဗျူဟာမှာ နောက်တန်းလုံခြုံအောင်ကစားပြီး တန်ပြန်တိုက်စစ်ဆင်ကစားနည်းဖြစ်သည်။ ကွင်းလယ်ကစားကွက် ပုံဖော်ပြီး တစ်ဖက်အသင်းကို ထိုးဖောက်ကစားသောနည်းမဟုတ်ချေ။ ရုရှားနှင့်ပွဲမှလွဲ၍ စပိန်၊ ပေါ်တူဂီတို့နှင့် ကစားသောပွဲတွင် ဂရိသည် ကွင်းလယ်ကစားကွက် လုံးဝမရှိသလောက် ကစားသွားသည်။ ဘေးစွယ်များမှ အသင်းခေါင်းဆောင် ဇာဂိုရာကစ်နှင့် ကာရာဂူးနစ်တို့သည် ထိုးဖောက်ကစားသည်။ တစ်ခါတစ်ရံ ဘယ်ညာပြောင်းပြီး ထိုးဖောက်ကစားသည်။ ထို့အပြင် ရှေ့တန်းမှ ဘရိုင်ဇက်နှင့် စတီးရပ်စ်တို့သည် အလွန်မြန်သော ပထမတန်းစား ကစားသမားများ ဖြစ်သည်။ ပေါ်တူဂီနှင့် စပိန်နောက်တန်းတို့သည် အသေအလဲ ထိန်းချုပ်ရသည်။ သို့ဖြစ်၍ ပြင်သစ်က ဂရိတိုက်စစ်မှူးများနှင့်အလယ်တန်းတိုက်စစ်သမားများကို ထိန်းရမည်ဖြစ်သည်။

ပြင်သစ်၏ဗျူဟာ

ပြင်သစ်အသင်း၏ အနေအထားဗျူဟာမှာ ကွင်းလယ်ကို ထိန်းချုပ်ပြီး ထိုးဖောက်ကစားသောနည်းဖြစ်သည်။ ရှေ့သုံးပွဲစလုံးကို ထိုနည်းအတိုင်းပင် ကစားသွားသည်။ နောက်တန်းသည် ဂရိလောက်မမာ။ မတောင့်ချေ။ အထူးသဖြင့် အလယ်သည်နှေးပြီးနားလည်မှုလွဲနေသည်။ ယခုပွဲတွင် လီဇာရာဇူးနှင့် သူရမ်တို့နှင့် ပွဲထုတ်လာဖို့များသည်။

နိုင်ရန်ရာနှုန်းများ

ပြင်သစ်အသင်းမှ နောက်တန်း အလယ်အားနည်းသောကြောင့် ခရိုအေးရှားပွဲနှင့်ကစားသလို ၄–၃–၃ လည်းကစားလိမ့်မည်မဟုတ်။ အင်္ဂလန်ကို ကစားသလို ၄–၄–၂ လည်း ကစားဖွယ်မမြင်။ ၄–၂–၃–၁ သာ ကစားလိမ့်မည်ဟု ယူဆရသည်။ ဂရိသည် ကွင်းလယ်ကစားကွက် လုပ်ပြီး ပြင်သစ်ကို တိုက်လိမ့်မည် မဟုတ်။ ဘောလုံးကို ကွင်းလယ်ထဲ ဆွဲထည့်လိုက်သည်နှင့် တစ်ပြိုင်နက် အန္တရာယ်ကို ဖိတ်ခေါ်လိုက်သည်နှင့်တူသည်။ ထို့ကြောင့် ဂရိသည် တောင်ပံများမှသော် လည်းကောင်း၊ လျှပ်တစ်ပြက် တန်ပြန်သော်လည်းကောင်း ထိုးစစ်ဆင်ကစားရန်သာရှိသည်။ အဓိက ဂရိ၏ နည်းဗျူဟာကြောင့် ပြင်သစ်သည် ကွင်းလယ်အားရော၊ ခံစစ်အားပါ ကောင်းသည့် ၄–၂–၃–၁ ကစားနည်းစနစ်ကို အသုံးချကစားဖွယ်ရှိသည်။ လောလောဆယ်၌ ပြင်သစ်သည် လူအား၊ ကစားကွက်သာသည်။ နိုင်ရန်ရာနှုန်းလည်းများသည်။

ဂရိထက်ပိုကောင်း

သို့ဖြစ်၍ ကစားခဲ့သော ပွဲအခြေအနေများအရ ပြင်သစ်၏ ကစားပုံ၊ နည်းဗျူဟာပိုင်းတို့သည် ဂရိထက် ပိုကောင်းသည်။ ပြင်သစ်သည် ဂရိ၏ ရှေ့နှင့်အလယ်မှ တိုက်စစ်မှူးများကို ထိန်းသိမ်းထားနိုင်ပြီး နောက်တန်းကို လှည့်စားကျော်ဖြတ်ကာ ဂိုးသွင်းနိုင်မည်ဆိုလျှင် သေချာပေါက်နိုင်မည်ဖြစ်သည်။ ။

ဇွန် ၂၂ ရက်က ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပသည့် ၂၀၀၄ ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် မျိုးဆက်သစ်လူငယ် ဟော်ကီပြိုင်ပွဲနှင့် အဖွဲ့ချုပ်သို့ အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင် လက်ခံရယူစဉ်။ (သတင်းစဉ်)

ဒလမြို့နယ် အထက(၁)တွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇွန် ၂၄ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင် ပေးအပ်စဉ်။ (၅၂၉)

ပါဠိပထမပြန် သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၄

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ပရိယတ္တိစာသင်တိုက်၌ လူပုဂ္ဂိုလ်များအတွက် ပါဠိပထမပြန် သင်တန်းဖွင့်ပွဲကို ဇွန် ၂၆ ရက်(စနေနေ့) နံနက် ၇ နာရီတွင်ကျင်းပမည်ဖြစ်ရာ သင်တန်းတက်လိုသူ ယောဂီများ တက်ရောက်ပါရန်နှင့် ဖုန်း- ၃၇၀၉၆၁ နှင့် ၃၈၃၈၅၇ တို့သို့ ဆက်သွယ် စုံစမ်းနိုင်သည်ဟု သိရသည်။ (၂၃)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဇွန်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၆-၂၀၀၄)ရက်နေ့

၂၀၀၄ ခုနှစ်၊ ဇူလိုင်လအတွက်

(၁၁-၇-၂၀၀၄)ရက်နေ့

နှင့်

(၂၅-၇-၂၀၀၄)ရက်နေ့

ဦးအောင်ဘိုနိုးကျော်

July 13 စမည်

အင်္ဂလိပ်စကားပြော

အင်္ဂလိပ်စာရေးနည်း

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဌေးဌေးယုစံ [အမ်အမ်အီး-၆၂၇၉၅၇] ၏ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အောက်ပါအတိုင်းကြေညာပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဌေးဌေးယုစံက ၂၇-၅-၂၀၀၄ရက်နေ့တွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်း၊ တိုက်အမှတ်(၁၈၁/၁၈၅)၊အခန်းအမှတ်(၈)၊ ပထမထပ်ကို ဦးထွန်းမင်း [၁၂/ဗတထ(နိုင်)၀၃၄၅၄၉] ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့၏ထံသို့ ဖြစ်စေ၊ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ဖြစ်စေ၊ ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် (၃)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးအေးသန့်　　ဦးဝင်းထိန်　　ဦးကြည်တင်

(ဥပဒေအကျိုးဆောင်) တရားရုံးချုပ်ရှေ့နေများ

အမှတ်(၄၈)၊ မြေညီထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၅၈၄၂၇၂၊ ၅၇၂၅၇၀။

သမ္ဗုတဝါဆိုသင်္ကန်း

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

Q . E . L . C

4 SKILLS ENGLISH (Basic)

JUNE (28, 30)

English Skills Foundation

July (3)

IELTS, June (12) / TOEFL, June (14) / Writing

လုံးချင်းအိမ် ရောင်းမည်

စမ်းချောင်း၊ ဓမ္မိကဝတီလမ်း၊ ၂၅ပေ x ပေ၅၀၊ BN-၂ထပ်၊ အိပ်ခန်း (၃)ခန်း၊ A/C- ၂လုံး၊ ရေ (အဝီစိ-စည်ပင်)၊ဘိုးဘွားပိုင်မြေ(အမည်ပေါက်)၊ (လက်ရှိပိုင်ရှင်ကိုယ်တိုင်နေ)။

ဆက်သွယ်ရန် ဖုန်း-၅၂၅၁၀၃။

EDUCARE PRE-SCHOOL

EDUCARE

Classes 5 days a week

မောင်ဘုန်း(Exit)စီစဉ်သည်

အမုန်းများစွာအတွက် TAPE/CD ထွက်ပြီ

ငယ်ဆုး၊ အောင်ကောင်းထက်၊ ကျော်သူနိုး၊ မြေပဲယို၊ ညီသူ၊ မောင်ဘုန်း

SP ,9mm, Dinner Flame, ချောစုခင်၊ ရှင်ဖုန်း၊ ရေစက္ကဝင်း

EXAMPLEZ

တမ်းတမ်းတတ . . . ချစ်ခဲ့လို့ VCD ထွက်ပြီ

သီတဂူဆရာတော်အား သဲကုန်းမြို့သူ မြို့သားများ ဂုဏ်ပြုပူဇော်

သဲကုန်း ဇွန် ၁၀

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ သီတဂူ ကမ္ဘာ့တက္ကသိုလ် အဓိပတိ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူသဲကုန်းဆရာတော် အရှင်ဉာဏိဿရ (D.Litt) အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ခံရခြင်းအတွက် ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားနှင့် ဓမ္မသဘင်ပွဲကို မေ ၂၇ ရက်ည ၇ နာရီခွဲက သဲကုန်းမြို့နယ်ခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ဒါယကာဦးသိန်းထွန်းတို့က သာသနာရေးဆိုင်ရာ ဖတ်ကြားလျှောက်ထားသည်။ မြို့မိ၊ မြို့ဖ ကျေးရွာနာယက အဖွဲ့ဝင်များက သီတဂူ ဗုဒ္ဓသာသနာပြုအဖွဲ့များထံ ဓမ္မပူဇာအလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး တရားသဘင်ပွဲကို ဆက်လက်ကျင်းပသည်။ (က-ပ)

ပညာသင်စရိတ် ထောက်ပံ့ငွေချီးမြှင့်

ပြင်ဦးလွင် ဇွန် ၅

ပြင်ဦးလွင် ရဲတပ်ဖွဲ့မှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်း မိသားစုများအား ပညာသင်စရိတ်ချီးမြှင့်ခြင်း အခမ်းအနားကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင်ကျင်းပရာ ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်အေး၊ ခရိုင်ရဲမှူး(ဦးစီး) ရဲမှူးတင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးလှမြင့်၊ ခရိုင်ရဲတပ်ဖွဲ့ဝင် စာရေးဝန်ထမ်းမိသားစု၊ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးငွေထွန်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ဘွဲ့လွန်နှင့် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၁၃ ဦးအားပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၃၅၉၆၀၀ ကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်အေးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဖန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီး လှသောင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူတို့ မေတ္တာမွန် ရေကန်ပတ်လမ်း ရေနုတ်မြောင်းတူးဖော်ခြင်းကို မေ ၂၉ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

မြို့နယ်သတင်းများ

ညှိနှိုင်းအစည်းအဝေးအတွေ့အကြုံထပ်ဆင့်ရှင်းလင်း ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

သပိတ်ကျင်း ဇွန် ၁၈

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၂၀၀၄ ခုနှစ် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေး၏ အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီက သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်သီသီရှိန်က တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အမှုဆောင် ဒေါက်တာ စမ်းစမ်းမော်က ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်းရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

သင်ထောက်ကူမီဒီယာပစ္စည်းများ လှူဒါန်းပွဲကျင်းပ ကျောင်းဆောင်ဟောင်းပြုပြင်လှူဒါန်းမှုဂုဏ်ပြုလွှာပေးအပ်

လှိုင်သာယာ ဇွန် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အလကကျောင်းခွဲ အမက(၃၈) ကျောင်းဆောင်ဟောင်း ပြုပြင်မွမ်းမံလှူဒါန်းပြီးစီးမှုအတွက် ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် သင်ထောက်ကူ မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် တက်ရောက် အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များ ဖြစ်ကြသော ကမာရွတ်အမက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းနှင့် ဗဟန်းအမက(၃) ကျောင်းအုပ်ဆရာကြီး ဦးကြည်ဝင်းမောင်တို့က သင်ထောက်ကူ မီဒီယာပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြကြပြီး အလှူရှင်များက အလကကျောင်းခွဲ အမက(၃၈) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးရွှေထံသို့ သင်ထောက်ကူမီဒီယာပစ္စည်းများနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ကျေးဇူးတင်စကား

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင်မောင်ဦးတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(၃၂၉)

ကျောင်းဝတ်စုံနှင့် ပညာသင်စရိတ်ပေး

ကျိုက်လတ် ဇွန် ၁၃

၂၀၀၄-၂၀၀၅ ခုနှစ်အတွက် ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း သား၊သမီးများအား ကျောင်းဝတ်စုံနှင့် ပညာသင်စရိတ်ပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်ထွေ/အုပ်အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်က ပညာသင်စရိတ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလည်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်နှင့် ဒုဦးစီးမှူး ဦးမျိုးတင့်တို့က ဝန်ထမ်း သား၊သမီး ၄၉ ဦးအတွက် ကျောင်းဝတ်စုံနှင့် ပညာသင်စရိတ် ကျပ်တစ်သိန်းအား ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)**

စာသင်တိုက်များသို့ ဗလာစာအုပ်များလှူဒါန်းမည်

ပြည် ဇွန် ၂၃

၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းခဲ့သည့် အစဉ်အလာအတိုင်း နာယကဆရာတော်များ ဖြစ်ကြသော ပြည်မြို့ သီတာရုံဆရာတော် ဘဒ္ဒန္တကောဝိဒ၊ သာကေတ အဘယာရာမ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဘဒ္ဒန္တသောဘဏ၊ မန္တလေးအနောက် ခင်မကန်တိုက် စည်သာကျောင်းဆရာတော်မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မာစရိယ ဘဒ္ဒန္တနာရဒနှင့် ဆရာကြီး ဦးစန်းမောင် (ဓိဝဗလ) ဦးစီးသော သာသနမာမက ဓမ္မရက္ခိတ အကျိုးဆောင် အလှူရှင်များနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်တို့သည် နှစ်စဉ်နှစ်တိုင်း တိုင်းနှင့်ပြည်နယ်များရှိ ကျောင်းတိုက်များသို့ ဗလာစာအုပ်များ လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာ ယခုနှစ်တွင်လည်း ဇွန် ၂၈ ရက်မှစ၍ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအတွင်းရှိ စာသင်တိုက်ကြီးများသို့ဗလာစာအုပ်ငါးသောင်းကျော်အား (၁၁)ကြိမ်မြောက် လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ဘားအံမြို့သန့်ရှင်းသာယာလှပရေးနှင့် မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်ဦးစီးသောဝန်ထမ်းများနှင့် သန့်ရှင်းရေး ဝန်ထမ်းများ မေ ၂၇ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ရေး ညှိနှိုင်းဆွေးနွေး

တီးတိန် မေ ၁၉

တီးတိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဒိုရှန်မုန်နှင့် ဝန်ထမ်းများသည် မေ ၂၁ ရက်မှ ၂၈ ရက်ထိ တွီးကျင့်လွီး၊ တုန်ရှာလ်၊ ကျိန်းပီးတွတ်၊ မွီဇောလ်၊ လိုင်တွီး၊ တွီးတော့၊ အိန်အွန်း၊ ကပ်တဲလ်ကျေးရွာများတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်း၊ဟောပြောပွဲများပြုလုပ်သည်။ ထို့နောက် ဒုတိယဦးစီးမှူးနှင့်အဖွဲ့ဝင်များသည် ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရေးညှိနှိုင်းဆွေးနွေးကြသည်။ အလားတူ နယ်လှည့်ခရီးစဉ်များ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

(၂၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးထွန်းကြွေ** (B.Ag)၊ ချစ်မေမေ **ဒေါ်ဆန်းရီ** (ရွှေလဝင်း၊ ကလေးမြို့) တို့၏ ၂၅–၆–၂၀၀၄ရက်နေ့တွင် ကျရောက်သော (၂၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ဘဝမှာ ပျော်ရွှင်ချမ်းမြေ့ခြင်း၊ ပြည့်စုံခြင်း၊ အောင်မြင်ခြင်းများကို ပိုင်ဆိုင်နိုင်သော မိသားစုဖြစ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် . . .။

ချစ်သမီး – မသင်းသင်းကြွေ (B.A, Hist) – မောင်ငြိမ်းကျော်ထက်(B.Sc; Phy)
ချစ်သားကြီး – နိုင်လင်းထွန်း (B.Sc; Phy)
ချစ်သားလေး– ရန်နိုင်ထွန်း(B.A; Eng)

စာမူများဖိတ်ခေါ်ခြင်း

၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် ကျရောက်မည့် မြန်မာနိုင်ငံသမဝါယမ ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် အထူးထုတ်မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းနှင့် အခြားသင့်တော်ရာစာမူများ ရေးသား၍ "ဦးထိန်ဝင်း၊ ဒု–ညွှန်ကြားရေးမှူး၊ အတွင်းရေးမှူး၊ ရာပြည့် အထူးထုတ်မဂ္ဂဇင်း ထုတ်ဝေရေးကော်မတီ၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အမှတ် ၂၅၉/၂၆၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ၃၁–၇–၂၀၀၄နေ့ နောက်ဆုံးထားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ရာပြည့်အထူးထုတ်မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ။

မင်္ဂလာဦးဆွမ်းကျွေးကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်လမ်း၊ အမှတ်(၂၈)နေ
ဦးရွှေပွင့်–ဒေါ်နှင်းတို့၏သားထွေး

မောင်ဉာဏ်ထွန်း

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်လမ်းအမှတ်(၃၁)နေ
ဦးစိန်ဟုတ်(ရွှေမြင့်မိုရ်ကုမ္ပဏီလီမိတက်)–ဒေါ်စိန်သန်းတို့၏
တစ်ဦးတည်းသောသမီး

မစန်းစန်းမြင့် (ခ) မချယ်ရီ B.Sc(Zool:)R.L

တို့၏ ၁၀–၆–၂၀၀၄(ကြာသပတေးနေ့)တွင် နေအိမ်၌ ထိမ်းမြားမင်္ဂလာ မော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးထင်ဇော်နှင့် အခမ်းအနားမှူးအဖြစ် မေတ္တာဖြင့် ကူညီပေးသော ဦးစီးအရာရှိ ဒေါ်မေထွန်းထွန်းအေးတို့အားလည်းကောင်း၊ ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့)တွင် မဟာစည်သာသနာ့ရိပ်သာ၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားတွင် အနန္တမေတ္တာဖြင့်ကူညီပေးသော ကျေးဇူးရှင် ရွှေပုဇွန်မိခင်ကြီး အဂ္ဂမဟာသီရိ သုဓမ္မသီဂီ ဒေါ်ခင်နွဲ့ရီနှင့်မိသားစု၊ ရွှေပုဇွန်မိသားစုများအားလုံးအားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးသော မအေးအေးခိုင်၊ မိတ်ကပ်ဆံပင် "ပွင့်" နှင့် အဖွဲ့အားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယို ရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှပြင်ဆင်ပေးသော လင်းလင်းအားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသူအားလုံးအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဉာဏ်ထွန်း–မစန်းစန်းမြင့် (ခ) မချယ်ရီ။

FAME **DYSENZI**®
ဝမ်းကိုက်ပျောက်ဆေး

ပလတ်စတစ်ပုလင်း(၂)မျိုးဝယ်ယူလိုခြင်း

စဉ်	ပလတ်စတစ်ပုလင်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းရမည့်နေရာ
၁။	**100ml PET Bottle (Amber Colour) (Screw Cap With Safety Ring Pilfer Proof Temper-evident Type) L.D.P. E Plastic**	၃၈၀၀၀၀၀ခု (ခုရေသုံးဆယ့်ရှစ်သိန်းတိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံ
၂။	**500ml PET Bottle (Amber Colour) (Screw Cap With Safety Ring Pilfer Proof Temper-evident Type) L.D.P. E Plastic**	၂၀၀၀၀၀ခု (ခုရေနှစ်သိန်းတိတိ)	။

တင်ဒါပိတ်ရက်–၂–၇–၂၀၀၄ (သောကြာနေ့) ၁၄း၀၀နာရီ

မှတ်ချက်။ အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုလည်း ဝယ်ယူနိုင်ပါသည်။
(ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်–၆၆၃၄၈၁)။

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

ရှုနိုင်ဦးစီးပွားရေးစွမ်းဆောင်ရှင်ဖွံ့ဖြိုးမှုသင်တန်း
July 3, 2004 နေ့စမည်။ အစမ်း(၂)လ သင်တန်း
EDC Entrepreneurship Development Center
Tel : 09-500 4786

ဇော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ
☎542311 09-5002003

သမဝါယမဘဏ် လီမိတက် (အများနှင့်သက်ဆိုင်သောဘဏ်)

C B BANK (P.L.C) အား

(၁၅–၆–၂၀၀၄) ရက်နေ့မှ စ၍ ဖွင့်လှစ်နိုင်ခြင်းအတွက်
လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။
ပိုမို အောင်မြင်သော **C B BANK** ဖြစ်လာမည်ဟု
ယုံကြည်ပါသည်။

ဦးစိန်တင့် + ဒေါ်တင်ဝင်း
ကျားပြဲမစက္ကူကော်ဆေးစေ့လိပ်

အခြေခံပညာ အလယ်တန်း၊ အထက်တန်း၊ စာသင်သားများအတွက်
Student's Companion စာစဉ်ထုတ်ဝေမည်

နယူးလိုက်အော့ဖ်မြန်မာသတင်းစာ စာတည်းအဖွဲ့က သင်ရိုးညွှန်းတမ်းများနှင့်အညီ ပြုစုထားသည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများ အတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companion စာစဉ်များကို ၂၀၀၄ ခုနှစ် ဇူလိုင်လထဲတွင် စတင်၍ ပြန်လည်ထုတ်ဝေပါမည်။

ယခင်နှစ်များနည်းတူ ...အတိုင်း အလယ်တန်း (ဂရိတ်၈–တန်း) အတွက် တစ်စောင်၊ အထက်တန်း(ဂရိတ်၁၀–တန်း)အတွက် တစ်စောင်၊ တစ်လလျှင်တစ်ကြိမ် နှုန်းဖြင့် (၆)ကြိမ် ပုံနှိပ်ထုတ်ဝေပါမည်။ ... တစ်စောင်လျှင် သက်သာသောဈေး ကျပ် ၅၀ နှုန်းဖြင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်၊ ဖြန့်ချိရေးဌာန၊ အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့ ဖုန်း ၂၉၈၉၈၃ သို့ ဆက်သွယ်မှာယူနိုင်ပါပြီ။

ငွေတောင်တန်း
ထိပ်ကပ်နာပျောက်ဆေး

၁။ အဆေးလွန်ကဲ၍ ဖြစ်ပေါ်လာသောနာစေး၊ နာရည်ယို ကြာရှည်စွာ ဝံစားနေရခြင်း။
၂။ နာခေါင်းပိတ်၍အသက်ရှူမရခြင်း။
၃။ အသက်ရှူ၍ရသော်လည်း အနံ့အသက်မသိရခြင်း။
၄။ ညအိပ်သောအိပ်ရသည်အထိ အသက်ရှူမဝခြင်း။
၅။ သလိပ်များဖမ်း၍ ညစ်ထွက်မရခြင်း။
၆။ သလိပ်များ ပုပ်၍ခံနေခြင်း။ နံနေခြင်း။
၇။ သလိပ်စေတ်ထုတ်၍မရခြင်း။
၈။ နာခေါင်းအဝိတ်လွန်၍ခေါင်းအုံခြင်း။ နာအုံခြင်း။ ခေါင်းကိုက်၊ နားထင်ကိုက်၊ မျက်ရိုးကိုက်ခြင်းများကို ရှူပေးရုံဖြင့် သက်သာပျောက်ကင်းစေပါသည်။

ဖြန့်ချိ – ငွေထွန်းဆေးဆိုင်၊ ၁၈ရာလမ်းထိပ်၊ ၇/၈ လမ်းဆုံအနီး၊ မြောက်ဒဂုံ၊ ဖုန်း – ၅၈၀၁၄၄

MARKETING (ဈေးကွက်ဖော်ဆောင်မှုပညာရပ်)

